# من خلقني؟ ولماذا؟

# ကျွန်ုပ်ကို မည်သူဖန်ဆင်းခဲ့သနည်း။

# အဘယ့်ကြောင့်ဖန်ဆင်းပါသနည်း။

## ကျွန်ုပ်ကို မည်သူဖန်ဆင်းခဲ့သနည်း။
## အဘယ့်ကြောင့်ဖန်ဆင်းပါသနည်း။

### ဖန်းဆင်းရှင်ရှိကြောင်း အရာရာတိုင်းက ညွှန်ပြနေသည်။

မိုးကောင်းကင်များ၊ မြေပထဝီနှင့် မိုးနှင့်မြေကြားတွင်ရှိသည့် လွှမ်းခြုံ၍ မသိနိုင်လောက်အောင် ကြီးမားလှသော အဖန်ဆင်းခံများကို မည်သူဖန်ဆင်းခဲ့သနည်း။

မိုးကောင်းကင်နှင့် မြေပထဝီ၌ရှိသော တိကျခိုင်မာလှသည့်စနစ်ကို မည်သူဖန်တီးခဲ့ပါသနည်း။

လူသားကို မည်သူကဖန်ဆင်းပြီး ကြားခြင်း၊ မြင်ခြင်း၊ အသိဉာဏ်တို့ကို ချီးမြှင့်ထားပါသနည်း။ ထို့ပြင် လူသားအား အသိပညာများကို လေ့လာရှာဖွေပြီး အရှိတရားများကို နားလည်နိုင်စွမ်းရှိအောင် မည်သူကပြုလုပ်ပေးထားပါသနည်း။

သင့်ခန္ဓာကိုယ်နှင့် သက်ရှိသတ္တဝါတို့၏ ခန္ဓာကိုယ်များတွင်ရှိသော တိကျလှသည့် စနစ်များကို သင်မည်ကဲ့သို့ ထု

တ်ဖော်ရှင်းလင်းမည်နည်း။ ဤအရာများကို မည်သူဖန်တီး ခဲ့သနည်း။

ဤကြီးမားလှသော စကြဝဠာကြီးသည် နှစ်ပေါင်းများ စွာ ၎င်းကို ကောင်းမွန်စွာ ထိန်းညှိုထားသော သူ၏နိယာမ များအတူ မည်သို့ဖွဲ့စည်းပြီး တည်ငြိမ်နေပါသနည်း။

ထို့အတူ ရှင်ခြင်း၊ သေခြင်း၊ သက်ရှိများ မျိုးဆက်ပွားခြ င်း၊ နေ့၊ ည၊ ရာသီစက်ဝန်းများ ပြောင်းလဲခြင်း စသည်တို့ ကို ထိန်းချုပ်ထားသော စနစ်များကို မည်သူဖန်တီးခဲ့ပါသန ည်း။

ဤစကြဝဠာကြီးသည် သူ့ကိုယ်သူ ဖန်ဆင်းခဲ့ပါလား၊ သို့မဟုတ် ဘာမျှမရှိခြင်းကနေ ရောက်လာခြင်းလား၊ သို့မ ဟုတ် မတော်တဆ တိုက်ဆိုင်မှုကြောင့် ဖြစ်ပေါ်လာခြင်း လား။

လူသားသည် သူမမြင်တွေ့နိုင်သည့် အရာများဖြစ် သော (ဥပမာ - သိနားလည်မှု၊ အသိဉာဏ်၊ ဝိညာဉ်၊ ခံစားချ က်၊ အချစ်) စသည်တို့ကိုရှိကြောင်း အဘယ့်ကြောင့် ယုံ ကြည်ပါသနည်း။ ထိုအရာများရှိကြောင်း ညွှန်ပြနေသည့် လက္ခဏာများကို မြင်တွေ့သည့် အတွက်ကြောင့်ပင် မဟု

တ်ပါသလား။ သို့ဖြစ်လျှင် လူသားသည် ဖန်ဆင်းရှင်၏ အဖန်ဆင်းခံများ၊ ထိုအရှင်မြတ်၏ ဖန်တီးမှုများနှင့် ကရုဏာတော်၏ လက္ခဏာများကို မြင်တွေ့နေပါလျက် ဤကြီးကျယ်လှသည့် စကြဝဠာအတွက် ဖန်ဆင်းရှင်ရှိကြောင်းကို မည်သို့ငြင်းပယ်နေပါသနည်း။

ဤအိမ်သည် မည်သူမျှ ဆောက်လုပ်ခြင်းမရှိဘဲ ဖြစ်ပေါ်လာသည် သို့မဟုတ် ဘာမျှမရှိခြင်းက ဤအိမ်ကြီးကို ဖြစ်ပေါ်စေသည် ဟူသည့်စကားကို မည်သည့်လူသားကမျှ လက်ခံလိမ့်မည်မဟုတ်ပါ။ ဤသို့ဆိုလျှင် ဤကြီးကျယ်လှသည့် စကြဝဠာကြီးသည် ဖန်ဆင်းရှင်မရှိဘဲ ဖြစ်ပေါ်လာသည်ဟု ဆိုသူများကို လူအချို့က မည်သို့ထောက်ခံနေကြပါသနည်း။ စကြဝဠာရှိ တိကျလှသောစနစ်များသည် မတော်တဆ တိုက်ဆိုင်မှုကြောင့် ဖြစ်ပေါ်လာသည်ဟူသည့် စကားကို အသိဉာဏ်ရှိသူအနေဖြင့် မည်သို့လက်ခံနေပါသနည်း။

အလ္လာဟ်အရှင်မြတ် မိန့်တော်မူသည်မှာ-

(أَمۡ خُلِقُواْ مِنۡ غَيۡرِ شَيۡءٍ أَمۡ هُمُ ٱلۡخَٰلِقُونَ، أَمۡ خَلَقُواْ ٱلسَّمَٰوَٰتِ وَٱلۡأَرۡضَۚ بَل لَّا يُوقِنُونَ).

“သို့တည်းမဟုတ် ၎င်းတို့သည် (ဖန်ဆင်းသူ) တစ်စုံတစ်ယောက်မျှမရှိဘဲ ဖန်ဆင်းခြင်းခံခဲ့ကြရလေသလော။ သို့တည်းမဟုတ် ၎င်းတို့ကိုယ်တိုင် (မိမိတို့ကိုယ်ကို) ဖန်ဆင်းသူများ ဖြစ်လေသလော။ သို့တည်းမဟုတ် ထိုသူတို့သည် မိုးကောင်းကင်များနှင့်ပထဝီမြေကို ဖန်ဆင်းခဲ့ကြလေသလော။ စင်စစ်မှာကား ၎င်းတို့သည် ယုံကြည်ကြသည် မဟုတ်ပေ။” ကုရ်အာန် (၅၂ : ၃၅၊၃၆)

## ကြီးကျယ်မြင့်မြတ်တော်မူသော အလ္လာဟ်အရှင်မြတ်။

မရှိရာမှရှိရာသို့ ဖန်ဆင်းတော်မူသော အရှင်တစ်ပါး ရှိတော်မူ၏။ ထိုအရှင်မြတ်တွင် အရှင်မြတ်၏ပြည့်စုံမှုကို ညွှန်ပြနေသော ကြီးကျယ်လှသော ဂုဏ်တော်၊နာမတော်များ မြောက်မြားစွာရှိသည်။ ထိုနာမတော်များအနက် အချို့မှာ- ‘အလ်ခါလိက်’ ဖန်ဆင်းတော်မူသောအရှင်၊ ‘အရ်ရဟီးမ်’ သနားကြင်နာတော်မူသောအရှင်၊ ‘အရ်ရာဇိက်’ စားနပ်ရိက္ခာချီးမြှင့်တော်မူသောအရှင်၊ ‘ အလ်ကရီးမ်’ ရက်ရောတော်မူသောအရှင် စသည်တို့ဖြစ်သည်။ အရှင်မြတ်၏နာမတော်များအနက် အကျော်ကြားဆုံးမှာ ‘အလ္လာဟ်’

ဟူသော နာမတော်ဖြစ်ပြီး အဓိပ္ပါယ်မှာ ဖက်စပ်ယှဉ်တွဲခြင်း ကင်းတော်မူသော ခဝပ်ကိုးကွယ်ခြင်းခံထိုက်တော်မူသော တစ်ပါးတည်းသောအရှင်ဟူ၍ဖြစ်သည်။

ကုရ်အာန်ကျမ်းမြတ်တွင် အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ-

﴿قُلۡ هُوَ ٱللَّهُ أَحَدٌ * ٱللَّهُ ٱلصَّمَدُ *لَمۡ يَلِدۡ وَلَمۡ يُولَدۡ *وَلَمۡ يَكُن لَّهُۥ كُفُوًا أَحَدُۢ﴾

“(အို-နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ ထိုအလ္လာဟ်အရှင်မြတ်သည် တစ်ဆူတည်းဖြစ်တော်မူ၏။

*အလ္လာဟ်အရှင်မြတ်သည် လိုလားတောင့်တခြင်းလုံးဝကင်းရှင်းတော်မူသောအရှင်၊ သူတစ်ပါးတို့၏ မှီခိုအားထားရာအရှင်၊ နိစ္စထာဝရအရှင် ဖြစ်တော်မူ၏။

*ထိုအရှင်မြတ်သည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ မွေးဖွားတော်မူခဲ့သည် မဟုတ်ပေ။ မည်သူတစ်ဦးတစ်ယောက်၏ မွေးဖွားခြင်းကိုလည်း ခံခဲ့ရတော်မူသည်မဟုတ်ပေ။

*ထိုမှတစ်ပါး ထိုအရှင်မြတ်၌ ဂုဏ်ရည်တူသူဟူ၍လ ည်း တစ်ဦးတစ်ယောက်မျှပင် မရှိပေ။” ကုရ်အာန် (၁၁၂ : ၁ -၄)

အလ္လာဟ်အရှင်မြတ် မိန့်တော်မူသည်မှာ-

﴿اللَّهُ لا إِلَهَ إِلَّا هُوَ الْحَيُّ الْقَيُّومُ لا تَأْخُذُهُ سِنَةٌ وَلا نَوْمٌ لَهُ مَا فِي السَّمَوَاتِ وَمَا فِي الأَرْضِ مَنْ ذَا الَّذِي يَشْفَعُ عِنْدَهُ إِلَّا بِإِذْنِهِ يَعْلَمُ مَا بَيْنَ أَيْدِيهِمْ وَمَا خَلْفَهُمْ وَلا يُحِيطُونَ بِشَيْءٍ مِنْ عِلْمِهِ إِلَّا بِمَا شَاءَ وَسِعَ كُرْسِيُّهُ السَّمَوَاتِ وَالأَرْضَ وَلا يَئُودُهُ حِفْظُهُمَا وَهُوَ الْعَلِيُّ الْعَظِيمُ﴾

“အလ္လာဟ်အရှင်မြတ်သည် (သာလျှင် ခဝပ်ကိုးကွယ် ရာအရှင် ဖြစ်တော်မူ၏)။ ထိုအရှင်မြတ်မှတစ်ပါး ကိုးကွ ယ်ခြင်းခံထိုက်သူဟူ၍ အလျင်းမရှိပြီ။ (ထိုအရှင်မြတ်သ ည်) အမြဲရှင်နေတော်မူသောအရှင်၊ (မိမိကိုယ်တော်တိုင် ထာဝရတည်နေတော်မူ၍ သတ္တဝါအပေါင်းတို့ကိုလည်း) ထိန်းသိမ်းစောင့်ရှောက်တော်မူသော အရှင်ဖြစ်တော်မူ၏။ ထိုအရှင်မြတ်အား ငိုက်မျဉ်းခြင်းသည်လည်းကောင်း ၊ အိ ပ်စက်ခြင်းသည်လည်းကောင်း မဖိစီးနိုင်ပေ။ ထိုအရှင်မြ တ်သည်သာလျှင် အာကာသ ကောင်းကင်များနှင့် မြေ၌ရှိရှိ သမျှသော (သက်ရှိ၊သက်မဲ့) အရာဝတ္ထုဟူသမျှတို့ကို ပိုင် ဆိုင်တော်မူသော အရှင်ဖြစ်တော်မူ၏။ ထိုအရှင်မြတ်၏

အထံတော်၌ ထိုအရှင်မြတ်၏ ခွင့်ပြုချက်မရှိဘဲ သူတစ်ပါးအတွက် အသနားခံ တောင်းပန်ပေးနိုင်သူကား အဘယ်သူနည်း။ ထိုအရှင်မြတ်သည် ထိုသူတို့၏ ရှေ့နောက် အဖြစ်အပျက် အကြောင်းကိစ္စ အလုံးစုံတို့ကို အကြွင်းမဲ့ သိရှိတော်မူလေသည်။ သို့ရာတွင် ယင်းသူတို့သည် ထိုအရှင်မြတ် သိရှိတော်မူသော အကြောင်းကိစ္စ အဖြစ်အပျက်တို့အနက်မှ ထိုအရှင်မြတ်အလိုရှိတော်မူသော အကြောင်းကိစ္စမှအပ တစ်စုံတစ်ရာကိုမျှ ဝန်းခြုံ၍မသိနိုင်ကြပေ။ ထိုအရှင်မြတ်၏ ဉာဏ်တော်သည် အာကာသ ကောင်းကင်များနှင့်တကွ ကမ္ဘာမြေပြင် တခွင်လုံးကို ဝန်းခြုံလျက်ရှိချေ၏။ သို့ရာတွင် ယင်းမိုးကောင်းကင်နှင့်တကွ ကမ္ဘာမြေပြင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် ထိုအရှင်မြတ်အား ပင်ပန်းနွမ်းရိစေသည် မဟုတ်ပေ။ စင်စစ်တမူကား ထိုအရှင်မြတ်သည် (မကြံစည်နိုင်အောင်) မြင့်မြတ်တော်မူသောအရှင်၊ ကြီးကဲထွတ်မြတ်တော်မူသော အရှင်တည်း။" ကုရ်အာန် (၂ : ၂၅၅)

## ဖန်ဆင်းရှင်၏ ဂုဏ်တော်များ

အရှင်မြတ်သည် မြေပထဝီကို ဖန်ဆင်း၍ အသုံးခံဖြစ်စေကာ ယင်းကို အဖန်ဆင်းခံများ၏ အကျိုးအတွက် ပြုလုပ်ပေးတော်မူခဲ့သည်။ ထိုအရှင်မြတ်သည်ပင် မိုးကောင်းကင်များနှင့် ၎င်းတို့၌ရှိသော ကြီးမားလှသည့် အဖန်ဆင်းခံများကို ဖန်ဆင်းတော်မူခဲ့သည်။ ထို့ပြင် ဖန်ဆင်းရှင်၏ ကြီးကျယ်မှုကို ညွှန်ပြနေသော တိကျလှသည့်စနစ်ကို နေ၊ လ၊ ညနှင့် နေ့တို့အတွက် ပြုလုပ်တော်မူထားသည်။

ထိုအရှင်မြတ်သည် ကျွန်ုပ်တို့ အသင်ရှင်သန်ရေးအတွက် မရှိမဖြစ်လိုအပ်သောလေကို ကျွန်ုပ်တို့အား ပေးသနားတော်မူထားသည်။ ထိုအရှင်မြတ်သည် ကျွန်ုပ်တို့အပေါ် မိုးရေကို ရွာသွန်းစေပြီး မြစ်ချောင်းများ၊ ပင်လယ်သမုဒ္ဒရာများကို ကျွန်ုပ်တို့အသုံးချနိုင်ရန်အတွက် ပြုလုပ်ပေးထားသည်။ ထိုအရှင်မြတ်သည် ကျွန်ုပ်တို့မည်သည့် ခွန်အားမျှ မရှိဘဲ မိခင်၏ဝမ်းဗိုက်အတွင်း၌ သန္ဓေသားဖြစ်နေစဉ်ကာလတွင် ကျွန်ုပ်တို့အား ကျွေးမွေးစောင့်ရှောက်တော်မူခဲ့သည်။ ထိုအရှင်မြတ်သည် ကျွန်ုပ်တို့၏ သွေးကြောများ၌ သွေးများကို စီးဆင်းစေသောအရှင်၊ ကျွန်ုပ်တို့မွေးဖွားသ

ည်မှ သေဆုံးသည်အထိ ကျွန်ုပ်တို့ ကျွန်ုပ်တို့၏ နှလုံးသား များကို အဆက်မပြတ်ခုန်အောင်လုပ်ပေးထားသော အရှင်ဖြစ်သည်။

အလ္လာဟ်အရှင်မြတ် မိန့်တော်မူသည်မှာ-

﴿وَاللَّهُ أَخْرَجَكُمْ مِنْ بُطُونِ أُمَّهَاتِكُمْ لَا تَعْلَمُونَ شَيْئًا وَجَعَلَ لَكُمُ السَّمْعَ وَالْأَبْصَارَ وَالْأَفْئِدَةَ لَعَلَّكُمْ تَشْكُرُونَ﴾

"ထို့ပြင် အလ္လာဟ်အရှင်မြတ်သည်ပင် အသင်တို့အား အသင်တို့၏မိခင်များ၏ဝမ်းတွင်းမှ ထွက်စေတော်မူခဲ့လေသည်။ ထိုအချိန်တွင် အသင်တို့ တစ်စုံတစ်ရာကိုမျှ မသိကြပေ။ ထိုမှတစ်ပါး ထိုအရှင်မြတ်သည် အသင်တို့ ကျေးဇူးတော်ကို သိတတ်ကြအံ့သောငှာ အသင်တို့အဖို့ ကြားနိုင်စွမ်းကိုလည်းကောင်း၊ မြင်နိုင်စွမ်းကိုလည်းကောင်း၊ စိတ်နှလုံးကိုလည်းကောင်း၊ ထည့်သွင်းပေးတော်မူခဲ့လေသည်။" ကုရ်အာန် (၁၆ : ၇၈)

## ကိုးကွယ်ခြင်းခံရသောအရှင်၌ ပြီးပြည့်စုံသည့် ဂုဏ်တော်များရှိရန် မုချလိုအပ်သည်။

ကျွန်ုပ်တို့၏ ဖန်ဆင်းရှင်သည် ကျွန်ုပ်တို့အား အရှင်မြတ်၏ကြီးကျယ်မှုကို သိနိုင်မည့် အသိဉာဏ်ကို ချီးမြှင့်

တော်မူခဲ့သည်။ ဖန်ဆင်းရှင်သည် ပြီးပြည့်စုံသောအရှင်ဖြစ်ပြီး လျော့နည်းချို့တဲ့မှုရှိသည်မှာ မဖြစ်နိုင်ကြောင်းကို နားလည်နိုင်သော ပင်ကိုအသိတရားကို ကျွန်ုပ်တို့၌ ထည့်သွင်းပေးခဲ့သည်။

ခဝပ်ကိုးကွယ်ခြင်းသည် တစ်ပါးတည်းသော အလ္လာဟ် အရှင်မြတ်အတွက်သာဖြစ်ရမည်။ ထိုအရှင်မြတ်သည် ပြည့်စုံတော်မူသော ခဝပ်ကိုးကွယ်မှုကို ခံထိုက်တော်မူသော အရှင်ဖြစ်ပြီး ထိုအရှင်မြတ်မှအပ ခဝပ်ကိုးကွယ်ခြင်းခံရသော အရာတိုင်းသည် မှားယွင်းသော၊ မပြည့်စုံသော၊ သေခြင်းတရားကိုမလွန်ဆန်နိုင်သော၊ ပျက်သုဉ်းသွားမည့်အရာများသာဖြစ်သည်။

ကိုးကွယ်ထိုက်သည့်အရှင်သည် လူသား၊ ရုပ်တုဆင်းတု၊ သစ်ပင်၊ တိရစ္ဆာန်စသည်တို့မဖြစ်နိုင်ပါ။

အသိဉာဏ်ရှိသူသည် ပြီးပြည့်စုံသည့်အရှင်မှလွဲ၍ အခြားအရာကို ကိုးကွယ်ရန် မသင့်လျော်ပေ။ မိမိထက် အဆင့်အတန်းနိမ့်ကျသည့် အဖန်ဆင်းခံကို မည်သို့ကိုးကွယ်မည်နည်း။

အရာခပ်သိမ်းကို ဖန်ဆင်းသည့် ကိုးကွယ်ရာအရှင်သည် အမျိုးသမီးတစ်ဦး၏ ဝမ်းဗိုက်ထဲတွင် သန္ဓေသားဖြစ်ပြီး ကလေးများမွေးဖွားသကဲ့သို့ မွေးဖွားခံရခြင်းမှာလည်း မဖြစ်နိုင်ပါ။

ကိုးကွယ်ရာအရှင်သည် အဖန်ဆင်းခံအပေါင်းအား ဖန်ဆင်းသောအရှင်ဖြစ်သည်။ အဖန်ဆင်းခံအားလုံးသည် ထိုအရှင်မြတ်၏ အုပ်စိုးမှုနှင့် ဩဇာအောက်တွင်သာရှိသည့်အတွက် မည်သည့်လူသားကမျှ ထိုအရှင်မြတ်အား ဒုက္ခပေးခြင်း၊ ကားစင်တင်ခြင်း၊ ပြစ်ဒဏ်ပေးခြင်း၊ သေးသိမ်စေခြင်းတို့ မပြုနိုင်ပေ။

ကိုးကွယ်ရာအရှင်သည် သေဆုံးကွယ်လွန်သွားခြင်းမျိုးလည်း မဖြစ်နိုင်ပါ။

အရာခပ်သိမ်းကို ဖန်ဆင်းသည့် ကိုးကွယ်ရာအရှင်သည် မေ့လျော့ခြင်း၊ အိပ်စက်ခြင်း၊ စားသောက်ခြင်းမရှိပါ။ ထိုအရှင်မြတ်သည် အလွန်ကြီးကျယ်မြင့်မြတ်လှပြီး ဇနီး၊ သားသမီးရှိခြင်းမှာ လုံးဝမဖြစ်နိုင်ပါ။ ဖန်ဆင်းရှင်သည် ကြီးကျယ်မြင့်မြတ်သည့် ဂုဏ်တော်များနှင့်ပြည့်စုံပြီး လိုအပ်ချက်ရှိခြင်း၊ မပြည့်စုံခြင်း စသည့် ချို့တဲ့မှုများဖြင့် မည့်

သည့်အခါမျှ ဖော်ပြခြင်းခံရမည်မဟုတ်ပါ။ နဗီတမန်တော်များဘက်သို့ ဆက်နွယ်ကာ ဖန်ဆင်းရှင်၏ကြီးကျယ်မှုကို ဆန့်ကျင်သည့်အကြောင်းအရာများပါရှိသော ကျမ်းစာလာ စာသားများသည် ပြုပြင်ပြောင်းလဲထားသည့် စာသားများသာဖြစ်သည်။ ထိုအကြောင်းအရာများသည် တမန်တော်မူစာ(မောရှေ)၊ တမန်တော်အီစာ(ယေရှု)နှင့် အခြားနဗီတမန်တော်(عليهم السلام)များ ယူဆောင်လာသော မှန်ကန်သော ဝဟီဗျာဒိတ်တော်၏ အစိတ်အပိုင်းများ မဟုတ်ပါ။

အလ္လာဟ်အရှင်မြတ် မိန့်တော်မူသည်မှာ-

يَا أَيُّهَا النَّاسُ ضُرِبَ مَثَلٌ فَاسْتَمِعُوا لَهُ إِنَّ الَّذِينَ تَدْعُونَ مِنْ دُونِ اللَّهِ لَنْ يَخْلُقُوا ذُبَابًا وَلَوِ اجْتَمَعُوا لَهُ وَإِنْ يَسْلُبْهُمُ الذُّبَابُ شَيْئًا لَا يَسْتَنْقِذُوهُ مِنْهُ ضَعُفَ الطَّالِبُ وَالْمَطْلُوبُ (73) مَا قَدَرُوا اللَّهَ حَقَّ قَدْرِهِ إِنَّ اللَّهَ لَقَوِيٌّ عَزِيزٌ (74)

"အို-လူခပ်သိမ်းတို့၊ ဥပမာ ပုံဆောင်ချက်တစ်ခုကို ခိုင်းနှိုင်းမည်ဖြစ်ရာ အသင်တို့သည် ယင်းဥပမာပုံဆောင်ချက်ကို(ကောင်းစွာ) နားထောင်ကြလေကုန်။ မုချကေန် အလ္လာဟ်အရှင်မြတ်အား စွန့်၍ အသင်တို့ ဟစ်ခေါ်(တသ ဆည်းကပ်ကိုးကွယ်လျက်ရှိ)ကြသော အရာများမှာ ၎င်းတို့အားလုံး(တစ်စည်းတစ်လုံးတည်း) စုရုံး(ကြိုးပမ်းအား ထုတ်ကြသည့်တိုင်အောင်

ယင်ကောင်တစ်ကောင်ကိုမျှပင် အလျှင်းဖန်ဆင်းနိုင်ကြမည် မဟုတ်ပေ။ ထိုမှတစ်ပါး အကယ်၍ ထိုယင်ကောင်သည် ၎င်းတို့ထံမှ တစ်စုံတစ်ရာကို လုယူပါလျှင်(သုတ်ယူသွားပါလျှင်) ၎င်းတို့သည် ယင်းအရာကိုပင် ထိုယင်ကောင်၏ထံမှ ပြန်လုယူနိုင်ကြမည် မဟုတ်ချေ။ ရှာဖွေဆည်းပူး (ကိုးကွယ်ဆည်းကပ်)သောသူနှင့် ရှာဖွေဆည်းပူး (ကိုးကွယ်ဆည်းကပ်)ခြင်း ခံရသောသူတို့သည် အားနည်းချိနဲ့ကြပေတကား။

ငင်းတို့သည် အလ္လာဟ်အရှင်မြတ်အား ရှိသေကိုင်းရှိုင်းရန် တာဝန်ရှိသည်နှင့်အညီ ရှိသေကိုင်းရှိုင်းကြသည် မဟုတ်ပေ။ ကေန်မလွဲ အလ္လာဟ်အရှင်မြတ်သည် ခွန်အားပြည့်စုံတော်မူသော၊ တန်ခိုးအာနုဘော်ဖြင့် လွှမ်းမိုးတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။” ကုရ်အာန် (၂၂ ፡ ၇၃၊ ၇၄)

## ဖန်ဆင်းရှင်သည် ကျွန်ုပ်တို့အား ဝဟီဗျာဒိတ်တော်ပို့ချခြင်းမရှိဘဲ လွှတ်ထားသည်မှာ ဖြစ်နိုင်ပါသလား။

အလ္လာဟ်အရှင်မြတ်သည် အဖန်ဆင်းခံများအားလုံးကို ရည်ရွယ်ချက်မရှိဘဲ ဖန်ဆင်းခဲ့ခြင်းမှာ ဖြစ်နိုင်ပါသလား။ အရှင်မြတ်သည် အဖန်ဆင်းခံများကို အချည်းနှီး ဖန်ဆင်းခဲ့ပါသလား။ ကေန်မုချ အရှင်မြတ်သည် ကျိုးကြောင်းဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသောအရှင်၊ အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိရှိတော်မူသောအရှင် ဖြစ်တော်မူသည်။

ကျွန်ုပ်တို့အား ဤကဲ့သို့တိကျပြီး ပြည့်စုံသည့်စနစ်ဖြင့် ဖန်ဆင်းထားပြီး မိုးကောင်းကင်နှင့် မြေပထဝီရှိ အရာအားလုံးကို ကျွန်ုပ်တို့၏ အသုံးချခံဖြစ်စေသောအရှင်မြတ်သည် ကျွန်ုပ်တို့ကို မည်သည့်ရည်ရွယ်ချက်မှမရှိဘဲ ဖန်ဆင်းခဲ့ခြင်းဖြစ်ပါသလား။ ထို့ပြင် ကျွန်ုပ်တို့နှင့်သက်ဆိုင်ပြီး အလွန်အရေးပါသော မေးခွန်းများဖြစ်သည့် ကျွန်ုပ်တို့ အဘယ့်ကြောင့် ဤလောက၌ ရှိနေရသနည်း။ ကွယ်လွန်ပြီးနော

က် မည်သို့ဖြစ်မည်နည်း။ ကျွန်ုပ်တို့အား ဖန်ဆင်းရခြင်း၏ ရည်ရွယ်မှာ အဘယ်နည်း။ စသည့်မေးခွန်းများ၏အဖြေကို မပေးဘဲ လွှတ်ထားသည်ဆိုသည်မှာ ဖြစ်နိုင်ပါသလား။

ဤသည် လုံးဝမဖြစ်နိုင်ပါ။ သို့သာမက ကျွန်ုပ်တို့ တည်ရှိနေခြင်း၏ ရည်ရွယ်ချက်သိရှိရန်နှင့် ကျွန်ုပ်တို့ထံမှ အရှင်မြတ်အလိုရှိသည် အရာကို အသိပေးရန်အတွက် အရှင်မြတ်သည် ရစူလ်တမန်တော်များကို စေလွှတ်တော်မူခဲ့သည် ။

အလ္လာဟ်အရှင်မြတ်သည် ရစူလ်တမန်တော်များအား အရှင်မြတ်သာလျှင် ခဝပ်ကိုးကွယ်ထိုက်သည့်အရှင်ဖြစ်ကြောင်း သတင်းပေးရန်၊ အရှင်မြတ်အား မည်သို့ခဝပ်ကိုးကွယ်ရမည်ကို ကျွန်ုပ်တို့သိနားလည်စေရန်၊ အရှင်မြတ်၏ အမိန့်များ၊ တားမြစ်ချက်များကို ကျွန်ုပ်တို့ထံ ပို့ချရန်နှင့် ကျွန်ုပ်တို့အား ကောင်းမွန်သည့် အကျင့်စာရိတ္တများကို သင်ကြားပေးရန်အတွက် စေလွှတ်ခဲ့ခြင်းဖြစ်သည်။ ထိုအကျင့်စာရိတ္တများကို ဆုပ်ကိုင်ထားပါက ကျွန်ုပ်တို့၏ ဘဝသက်တမ်း၌ ကောင်းခြင်းမင်္ဂလာများ ပြည့်စုံသွားမည်ဖြစ်သည်။

အလ္လာဟ်အရှင်မြတ်သည် တမန်တော် နူးဟ်၊ တမန်တော် အိဗ်ရာဟီးမ်၊ တမန်တော်မူစာ၊ တမန်တော် အီစာတို့ အပြင် အခြားရစူလ်တမန်တော်များစွာကိုလည်း စေလွှတ်တော်မူခဲ့သည်။ အရှင်မြတ်သည် ထိုရစူလ်တမန်တော်များအား ၎င်းတို့၏မှန်ကန်မှုနှင့် ဖန်ဆင်းရှင်က စေလွှတ်လိုက်သော ရစူလ်တမန်တော်များဖြစ် ကြောင်းကို ညွှန်ပြနေသည့် သက်သေ လက္ခဏာတော်များ၊ မုအ်ဂျိဇဟ် တန်ခိုးတော်များကို ချီးမြှင့်ခဲ့သည်။

ထိုရစူလ်တမန်တော်များအနက် မုဟမ္မဒ် (صلى الله عليه و سلم)သည် နောက်ဆုံးတမန်တော်ဖြစ်ပြီး အလ္လာဟ်အရှင်မြတ်သည် ထိုတမန်တော်အပေါ် ကုရ်အာန်ကျမ်းမြတ်ကို ချပေးတော်မူခဲ့သည်။

ထိုရစူလ်တမန်တော်များက ကျွန်ုပ်တို့အား ဤဘဝသက်တမ်းသည် စမ်းသပ်စစ်ဆေးမှုသာဖြစ်ပြီး စစ်မှန်သည့် ဘဝသက်တမ်းသည် ကွယ်လွန်ပြီးနောက်မှသာ စတင်မည်ဖြစ်ကြောင်း ရှင်းလင်းစွာ မိန့်ကြားခဲ့ကြသည်။

ထို့အပြင် ရှိရက် ဖက်စပ်ယှဉ်တွဲခြင်းကင်းတော်မူသော တစ်ဆူတည်း ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်အား

ခဝပ်ကိုးကွယ်ပြီး ရစူလ်တမန်တော်များအားလုံးကို သက်ဝင်ယုံကြည်သော မုအ်မင်န်များသည် ဂျန္နဟ်သုခဘုံရရှိမည်ဖြစ်ကြောင်း ရှင်းပြထားသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်နှင့်အတူ အခြားကိုးကွယ်ရာများကို ကိုးကွယ်ဆည်းကပ်ကြသော သို့မဟုတ် အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်များအနက် တစ်ပါးပါးကို လက်မခံကြသော ကာဖိရ် သွေဖည်ငြင်းပယ်သူများအတွက် အလ္လာဟ်အရှင်မြတ်က ဂျဟန္နမ် ငရဲမီးကို အဆင်သင့်ပြုလုပ်ထားကြောင်း တမန်တော်မြတ်က ရှင်းပြထားသည်။

အလ္လာဟ်အရှင်မြတ် မိန့်တော်မူသည်မှာ-

يَابَنِي آدَمَ إِمَّا يَأْتِيَنَّكُمْ رُسُلٌ مِنْكُمْ يَقُصُّونَ عَلَيْكُمْ آيَاتِي فَمَنِ اتَّقَى وَأَصْلَحَ فَلَا خَوْفٌ عَلَيْهِمْ وَلَا هُمْ يَحْزَنُونَ (35) وَالَّذِينَ كَذَّبُوا بِآيَاتِنَا وَاسْتَكْبَرُوا عَنْهَا أُولَئِكَ أَصْحَابُ النَّارِ هُمْ فِيهَا خَالِدُونَ (36)

"အို-အာဒမ်၏သားသမီးအပေါင်းတို့၊ အကယ်၍အသင်တို့ထံ အသင်တို့အနက်မှပင်ငါအရှင်မြတ်၏ အမိန့်တော်များကို အသင်တို့ရှေ့ဝယ် ရှင်းလင်းပြောပြကြကုန်သော ရစူလ်တမန်တော်များ ရောက်လာခဲ့ကြသောအခါ အကြင်သူသည် ဒုစရိုက်တို့မှ ကြဉ်ရှောင်အံ့။ ၎င်းပြင် (အပြုအမူများကို)ပြုပြင်အံ့။

ထို(ကဲ့သို့သော) သူတို့အပေါ်၌ စိုးရိမ် ကြောင့်ကြမှုလည်း ရှိလိမ့်မည် မဟုတ်ပေ။ ၎င်းပြင်ထိုသူတို့သည် ပူဆွေးကြရမည်လည်း မဟုတ်ချေ။

သို့ရာတွင်မူကား အကြင်သူတို့သည် ငါအရှင်မြတ်၏ အမိန့်တော်များကို ငြင်းပယ်ကြကုန်အံ့။ ၎င်းပြင် ထိုသူတို့သည် အမိန့်တော်များကို မထီလေးစားပြုလုပ်ကြကုန်အံ့။ ထို(ကဲ့သို့သော) သူတို့သာလျှင် ငရဲသားများဖြစ်ကြကုန်၏။၎င်းတို့သည် ငရဲ၌ပင် ထာဝစဉ် နေထိုင်ကြမည့်သူများ ဖြစ်ကြပေသည်။”

ကုရ်အာန် (၇ : ၃၅၊၃၆)

အလ္လာဟ်အရှင်မြတ် မိန့်တော်မူသည်မှာ-

﴿ أَفَحَسِبْتُمْ أَنَّمَا خَلَقْنَاكُمْ عَبَثًا وَأَنَّكُمْ إِلَيْنَا لَا تُرْجَعُونَ ﴾

“အချည်းနှီး အကျိုးမဲ့သာ ဖန်ဆင်းတော်မူခဲ့သည်ဟူ၍လည်း ကောင်း၊ အသင်တို့သည် ငါအရှင်မြတ်အထံတော်သို့ ပြန်လည်ရောက်ရှိကြရမည် မဟုတ်ဟူ၍လည်းကောင်း၊ ထင်မှတ်ခဲ့ကြလေသလော။” ကုရ်အာန် (၂၃ : ၁၁၅)

## ကုရ်အာန်ကျမ်းမြတ်။

ကုရ်အာန် ကျမ်းမြတ်သည် အလ္လာဟ်အရှင်မြတ်၏ မုကၡပါဌ်တော်ဖြစ်ပြီး ယင်းကျမ်းမြတ်ကို အလ္လာဟ်အရှင်မြတ်က နောက်ဆုံးတမန်တော် မုဟမ္မဒ် (صلى الله عليه وسلم)အပေါ် ချပေးတော်မူခဲ့သည်။ ဤကျမ်းမြတ်သည် တမန်တော် မုဟမ္မဒ် စစ်မှန်သည့်နဗီတမန်တော်ဖြစ်ကြောင်း ညွှန်ပြနေသော အကြီးကျယ်ဆုံး မုအ်ဂျိဇဟ် တန်ခိုးတော်လည်းဖြစ်သည်။ ထိုကျမ်းမြတ်၏ အမိန့်ပညတ်ချက်များသည် မှန်ကန်ဖြောင့်မတ်ပြီး သတင်းပေးထားသော အကြောင်းအရာများမှာလည်း မှန်ကန်သည်။ အလ္လာဟ်အရှင်မြတ်သည် ထိုကျမ်းမြတ်ကို ငြင်းပယ်ကြသူများအား ယင်းကုရ်အာန်ကျမ်းမြတ်၌ပါရှိသော စူရဟ်ကဲ့သို့ စူရဟ်ကဏ္ဍတစ်ခုမျှပင်ဖြစ်စေ ယူဆောင်လာ၍ လာရောက်ယှဉ်ပြိုင်ကြရန် စိန်ခေါ်ထားသည်။ သို့သော် ၎င်းတို့သည် ကုရ်အာန် ကျမ်းမြတ်၏ အလွန်ပင်လှပသော အရေးအသား၊ ရသပေါ်အောင် အလွန်ပြည့်စုံလှသည့် စကားလုံးများဖြင့် ဖွဲ့နွဲ့ရေးသားထားခြင်းတို့ကြောင့် လာရောက်ယှဉ်ပြိုင်ရန် မစွမ်းနိုင်ကြပေ။ ကုရ်အာန်ကျမ်းမြတ်သည် လူသားစီကုံးထားသ

ည့် ကျမ်းစာမဖြစ်နိုင်ကြောင်း၊ အမှန်တကယ်ပင် လူသား အားလုံးအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မုက္ခပါဌ် တော်သာဖြစ် ကြောင်း ညွှန်ပြနေသော ကျိုး ကြောင်းဆီလျော်သော အထောက်အထားများ၊ သိပ္ပံနည်း ကျ အချက်အလက်များ မြောက်မြားစွာရှိသည်။

## ရစူလ်တမန်တော်များ အဘယ့်ကြောင့် များပြားရပါသနည်း။

အလ္လာဟ်အရှင်မြတ်သည် ခေတ်ကာလစတင်ကတ ည်းက လူသားတို့အား ၎င်းတို့၏ ဖန်ဆင်းရှင်ဘက်သို့ ဖိတ်ခေါ်ရန်၊ အရှင်မြတ်၏အမိန့်တော်များ၊ တားမြစ်ချက်များ အား ပို့ချရန်အတွက် ရစူလ်တမန်တော်များ စေလွှတ်တော် မူခဲ့သည်။ ထိုရစူလ်တမန်တော်တိုင်း၏ဖိတ်ခေါ်မှုသည် ကြီးကျယ်မြင့်မြတ်တော်မူသော အလ္လာဟ်အရှင်မြတ်တစ် ပါးတည်းကိုသာ ခဝပ်ကိုးကွယ်ရန်ဖြစ်သည်။ လူမျိုးတစ် မျိုးသည် မိမိတို့၏ ရစူလ်တမန်တော် ယူဆောင်လာသော တရားဒေသနာတော်များဖြစ်သည့် အလ္လာဟ်အရှင်မြတ် တစ်ပါးတည်းကိုသာ ခဝပ်ကိုးကွယ်ခြင်းကို စွန့်လွှတ်သည့်

အခါ သို့မဟုတ် ငြင်းပယ်လိုက်ကြသည့်အခါ အလ္လာဟ်အရှင်မြတ်က ၎င်းတို့၏ လမ်းစဉ်ကို ပြုပြင်ပေးရန်နှင့် ငြိမ်းချမ်းမှုရှိသော သဘာဝဓမ္မဖြစ်သည့် အလ္လာဟ်အရှင်မြတ်တစ်ပါးတည်းကိုသာ ခဝပ်ကိုးကွယ်ခြင်းနှင့် အရှင်မြတ်၏အမိန့်ကိုနာခံခြင်းဘက်သို့ လူသားအားလုံးပြန်လှည့်လာစေရန် အခြားရစူလ်တမန်တော်တစ်ပါးကို တာဝန်ပေးအပ်၍ စေလွှတ်တော်မူသည်။ ဤသို့ဖြင့် နောက်ဆုံးတွင် တမန်တော် မုဟမ္မဒ် (صلى الله عليه وسلم)ကို စေလွှတ်ကာ ရစူလ်တမန်တော်များစေလွှတ်ခြင်းကို အဆုံးသတ်ခဲ့သည်။ တမန်တော် မုဟမ္မဒ်(صلى الله عليه وسلم) ယူဆောင်လာခဲ့သော ရှရီအဟ်တရားလမ်းစဉ်သည် လူသားအားလုံးအတွက် ကိယာမသ် ကမ္ဘာပျက်မည့်နေ့တိုင်အောင် တည်ရှိနေမည့်လမ်းစဉ်၊ လွန်လေပြီးသော တရားလမ်းစဉ်များအားလုံးကို ပြည့်ဝစုံလင်စေပြီး ရုပ်သိမ်းပယ်ဖျက်လိုက်သည့် လမ်းစဉ်လည်းဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည် ဤရှရီအဟ်တရားလမ်းစဉ်နှင့် တမန်တော်မြတ်၏ ရစူလ်တမန်တော်ဖြစ်ခြင်းကို ကိယာမဟ်နေ့ထိတိုင် အမြဲကျန်ရှိနေရန် တာဝန်ယူထားတော်မူသည်။

ထို့ကြောင့် ကျွန်ုပ်တို့မွတ်စ်လင်မ်များသည် အလ္လာဟ်အရှင်မြတ်အမိန့်ပေးထားသည့်အတိုင်း လွန်လေပြီးသော ရစူလ်တမန်တော်များအားလုံးနှင့် ကျမ်းဂန်များအားလုံးကို သက်ဝင်ယုံကြည်ကြသည်။

အလ္လာဟ်အရှင်မြတ် မိန့်တော်မူသည်မှာ-

﴿ءَامَنَ ٱلرَّسُولُ بِمَآ أُنزِلَ إِلَيۡهِ مِن رَّبِّهِۦ وَٱلۡمُؤۡمِنُونَۚ كُلٌّ ءَامَنَ بِٱللَّهِ وَمَلَـٰٓئِكَتِهِۦ وَكُتُبِهِۦ وَرُسُلِهِۦ لَا نُفَرِّقُ بَيۡنَ أَحَدٖ مِّن رُّسُلِهِۦۚ وَقَالُواْ سَمِعۡنَا وَأَطَعۡنَاۖ غُفۡرَانَكَ رَبَّنَا وَإِلَيۡكَ ٱلۡمَصِيرُ﴾ [2: 285].

"ရစူလ်တမန်တော် (မုဟမ္မဒ်ဆွာလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် မိမိထံသို့ မိမိအားမွေးမြူတော်မူသောအရှင်မြတ်၏အထံတော်မှ ထုတ်ပြန်ပို့ချသော(ကုရ်အာန်ကျမ်းမြတ်)ကို ယုံကြည်လေပြီ။ ထိုနည်းတူစွာ (မုအ်မင်န်)ယုံကြည်သူအပေါင်းတို့သည်လည်း ယုံကြည်ကြသည်။ [ယင်းရစူလ်တမန်တော် မုဟမ္မဒ်နှင့်တကွ ယုံကြည်သူ' ခပ်သိမ်းသူတို့သည် (တစ်ဆူတည်း ဖြစ်တော်မူသော) အလ္လာဟ်အရှင်မြတ်ကိုလည်းကောင်း၊ ထိုအရှင်မြတ်၏ (မလာအိကဟ်)အပါးတော်

စေတမန်တော်အပေါင်းတို့ကိုလည်းကောင်း၊ ထိုအရှင်မြတ်၏ ကျမ်းဂန်အပေါင်းတို့ကိုလည်း ကောင်း၊ ထိုအရှင်မြတ်၏ရစူလ် တမန်တော်အပေါင်းတို့ကို လည်းကောင်း၊ ယုံကြည်ကြ ကုန်၏၊ (ထိုပြင်ယင်းသူတို့က) ကျွန်တော်မျိုးတို့သည် ထိုအရှင်မြတ်၏ ရစူလ်တမန်တော်အပေါင်းတို့အနက် မည်သည့် ရစူလ်တမန်တော်တစ်ပါးကိုမျှ ခွဲခြားခြင်းမပြုကြပါ။ (အားလုံးကိုယုံကြည်ပါသည် ဟုပြောဆိုကြကုန်၏။) ထိုမှတစ်ပါးတုံ ယင်းသူတို့သည် (အလ္လာဟ်အရှင်မြတ်အထံတော်၌)

“ကျွန်တော်မျိုးတို့သည် (အရှင်မြတ်၏အမိန့်တော်များကို) ကြားနာကြပါပြီ။ ထို့ပြင်တဝ (ကြားနာသည့်အတိုင်း) လိုက်နာကြပါပြီ။ အို-ကျွန်တော်မျိုးတို့အားမွေးမြူတော်မူသောအရှင် (ကျွန်တော်မျိုးတို့သည် အပြစ်များမှ) အရှင်မြတ်၏ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူခြင်းကိုသာ (ထာဝစဉ် လိုလားတောင့်တကြပါသည်)။ တဖန်(ကျွန်တော်မျိုးတို့၏ ပြန်လည်ရောက်ရှိရာ)

နောက်ဆုံးစခန်းသည်လည်း အရှင်မြတ်၏ အထံတော်၌ပင်ဖြစ်ပါသည်” ဟုလျှောက်ထား ပန်ကြားကြလေသတည်း။”

ကုရ်အာန် (၂ : ၂၈၅)

## လူတစ်ဦးသည် ရစူလ်တမန်တော်အားလုံးကို ယုံကြည်မှသာ မုအ်မင်န် သက်ဝင်ယုံကြည်သူ ဖြစ်နိုင်မည်။

ရစူလ်တမန်တော်များကို စေလွှတ်သည့် အရှင်မြတ်မှာ အလ္လာဟ်အရှင်မြတ်ပင်ဖြစ်သည်။ မည်သူမဆို ထိုရစူလ်တမန်တော်များအနက် တစ်ပါးပါးကို ငြင်းပယ်ပါက ရစူလ်တမန်တော်အားလုံးကို ငြင်းပယ်ရာရောက်သည်။ လူသားအတွက် အလ္လာဟ်အရှင်မြတ်၏ ဝဟီဗျာဒိတ်တော်ကို ငြင်းပယ်ခြင်းထက်ကြီးမားသည့် အကုသိုလ်ဟူ၍ မရှိတော့ပေ။ ဂျန္နသ်သုခဘုံသို့ ဝင်ရောက်ရန် ရစူလ်တမန်တော်များအားလုံးကို မဖြစ်မနေ ယုံကြည်ရမည် ဖြစ်သည် ။

ယနေ့ မျက်မှောက်ခေတ်ရှိသူတိုင်းသည် အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်အားလုံးကို ယုံကြည်ရန်တာဝန်ရှိသည်။ ဤယုံကြည်ချက်သည် နောက်ဆုံးရစူလ်တမန်တော်ဖြစ်သူ မုဟမ္မဒ် (صلى الله عليه وسلم)ကို ယုံကြည်ခြင်း နောက်လိုက်ခြင်းမရှိဘဲ မှန်ကန်မည်မဟုတ်ပါ။

အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်များအနက်မှ တစ်ပါးပါးကို ယုံကြည်ရန် ငြင်းဆန်သူသည် 'ကာဖိရ်' အလ္လာဟ်အရှင်မြတ်ကို လက်မခံငြင်းပယ်သူ၊ အရှင်မြတ်၏ ဝဟီဗျာဒိတ်တော်ကို လက်မခံငြင်းပယ်သူဖြစ်ကြောင်း ကုရ်အာန်ကျမ်းမြတ်တွင် အလ္လာဟ်အရှင်မြတ်က မိန့်ကြားထားသည်။

အောက်ပါအာယသ်တော်ကို ဖတ်ကြည့်ပါ။

"إِنَّ الَّذِينَ يَكْفُرُونَ بِاللَّهِ ورُسُلِهِ ويُرِيدُونَ أَنْ يُفَرِّقُوا بَيْنَ اللَّهِ ورُسُلِهِ ويَقُولُونَ نُؤْمِنُ بِبَعْضٍ ونَكْفُرُ بِبَعْضٍ ويُرِيدُونَ أَنْ يَتَّخِذُوا بَيْنَ ذَلِكَ سَبِيلًا أُولَئِكَ هُمُ الكافِرُونَ حَقًّا وأَعْتَدْنا لِلْكَفَرِيْنِ عَذابًا مُهِينًا﴾".

"ကေန်စင်စစ် အကြင်သူတို့သည် အလ္လာဟ်အရှင်မြတ်နှင့် ထိုအရှင်မြတ်၏ ရစူလ်တမန်တော်တို့ကို ငြင်းပယ်ကြကုန်သည်။ ၎င်းပြင် ထိုသူတို့သည် (အီမာန်ယုံကြည်ခြင်းသဒ္ဓါတရား

ထားရှိရာ၌လည်း) အလ္လာဟ်အရှင်မြတ်နှင့် ထိုအရှင်မြတ်၏ ရစူလ်တမန်တော်တို့၏စပ်ကြားတွင် ခွဲခြားလိုကြကုန်သည်။ ထိုမျှမကသေးချေ၊ ယင်းသူတို့သည် (မိမိတို့၏နှုတ်ဖြင့်) ငါတို့သည် အချို့(ရစူလ်တမန်တော်များ)ကို ယုံကြည်ကြကုန်၏။ သို့ရာတွင် အချို့(ရစူလ်တမန်တော်များ)ကိုမူ ငြင်းပယ်ကြသည်ဟူ၍လည်း ပြောဆိုကြကုန်သည်။ ထိုမှတစ်ပါးတုံ ၎င်းတို့သည် ယင်း(‘ကုဖ်ရ်’ သွေဖည်ငြင်းပယ်မှုနှင့် ‘အီမာန်’ယုံကြည်မှု)၏ အလယ်အကြားတွင် နည်းလမ်းတစ်ခုကိုလည်း ပြုလုပ်လိုကြကုန်သတည်း။

(သို့ဖြစ်ပေရာ) ထိုသူတို့သည်သာလျှင် မုချ ‘ကာဖိရ်’ သွေဖည်ငြင်းပယ်သောသူများ ဖြစ်ကြကုန်၏။ ငါအရှင်မြတ်သည် ‘ကာဖိရ်’ သွေဖည်ငြင်းပယ်သောသူတို့အဖို့ ဂုဏ်ရည်သေးသိမ်စေသောအပြစ်ဒဏ်ကို အဆင်သင့် ပြင်ဆင်ထားရှိတော်မူပြီး ဖြစ်ချေသတည်း။” ကုရ်အာန် (၄ : ၁၅၀၊ ၁၅၁)

## အစ္စလာမ်ဆိုသည်မှာ အဘယ်နည်း။

အစ္စလာမ်ဟူသည် သောင်ဟီးဒ် တစ်ပါးတည်းသောအရှင်ကို သက်ဝင်ယုံကြည်ကာ အလ္လာဟ်အရှင်မြတ်ထံ နာခံအပ်နှင်းခြင်း၊ အရှင်မြတ်၏ အမိန့်တော်များကို နာခံခြင်း၊ အရှင်မြတ်၏ရှရီအဟ် တရားလမ်းစဉ်ကို စိတ်တွင်းမှ ကျေနပ်စွာဖြင့်လက်ခံကာ အကောင်အထည်ဖော်ခြင်းဖြစ်သည်။

အလ္လာဟ်အရှင်မြတ်သည် ရစူလ်တမန်တော်များအားလုံးကို သတင်းစကားတစ်ခုအတွက်သာ စေလွှတ်တော်မူခဲ့သည်။ ၎င်းမှာ 'တစ်ဆူတည်းဖြစ်တော်မူသော၊ တုဖက်နှိုင်းယှဉ်ခြင်းကင်းတော်မူသော အလ္လာဟ်အရှင်မြတ်ကိုသာ ခဝပ်ကိုးကွယ်ရန် ဖိတ်ခေါ် ခြင်းဖြစ်သည်။'

အစ္စလာမ်သည် တမန်တော်အားလုံး၏ သာသနာပင်ဖြစ်သည်။ တမန်တော်တိုင်း၏ ဖိတ်ခေါ်မှုသည် တစ်ခုတည်းသာဖြစ်ပြီး ၎င်းတို့ ကျင့်ကြံအားထုတ်သည့် တရားလမ်းစဉ်များသာ ကွဲပြားကြသည်။ ယနေ့ခေတ်တွင် မွတ်စ်လင်မ်တို့သာလျှင် တမန်တော်များအားလုံး ယူဆောင်လာသော စစ်မှန်သည့်သာသနာကို လိုက်နာကြသူများဖြစ်သည်။ ယ

နေ့ခေတ်တွင် အစ္စလာမ့်သတင်းစကားသည်သာ အမှန်တ ရားဖြစ်သည်။ တမန်တော်အိဗ်ရာဟီးမ်၊ တမန်တော်မူစာ( မောရှေ)၊ တမန်တော်အီစာ(ယေရှု) (عليهم السلام)တို့အား စေလွှတ်ခဲ့သော အရှင်မြတ်ကသာ နောက်ဆုံးတမန်တော် မုဟမ္မဒ် (صلى الله عليه وسلم)အား စေလွှတ်ခဲ့ခြင်းဖြစ်သည်။ အစ္စလာမ့် ရရှီအဟ်တရားလမ်းစဉ်သည် ယခင်ရှိခဲ့သော ရှ ရီအဟ်တရားလမ်းစဉ်အားလုံးကို ရုပ်သိမ်းဖျက်သိမ်းလို က်ပြီဖြစ်သည်။

အစ္စလာမ်သာသနာမှအပ ယနေ့ခေတ် လူတို့ကိုးကွယ် နေကြသည့် သာသနာတိုင်းသည် လူသားများ တီထွင်ဖန် တီးထားသော သာသနာများ သို့မဟုတ် ဖန်ဆင်းရှင်က သ တ်မှတ်ပြဌာန်းခဲ့သောသာသနာကို လူတို့ကမိမိတို့လက် များဖြင့် ကမောက်ကမဖြစ်အောင် ပြုလုပ်ခဲ့ကြပြီး ဒဏ္ဍာရီ များ၊ ခေတ်အဆက်ဆက် လက်ဆင့်ကမ်းလာသော ယုံတ မ်းပုံပြင်များ၊ လူသားတို့၏ ဖန်တီးမှုများ ရောနှောထားသ ည့် သာသနာများသာဖြစ်ကြသည်။ မွတ်စ်လင်မ်တို့၏ယုံ ကြည်ချက်သည် ရှင်းလင်းပြတ်သားပြီး မပြောင်းလဲဘဲ တ စ်မျိုးတည်းသာရှိသည်။ ကုရ်အာန်ကျမ်းမြတ်ကိုကြည့်ရှု

ပါ မွတ်စ်လင်မ်နိုင်ငံတိုင်းတွင် တစ်ကျမ်းတည်းသာဖြစ်ကြောင်း တွေ့ရလိမ့်မည်။

ကုရ်အာန်ကျမ်းမြတ်တွင် အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ-

قُلْ آمَنَّا بِاللَّهِ وَمَا أُنْزِلَ عَلَيْنَا وَمَا أُنْزِلَ عَلَى إِبْرَاهِيمَ وَإِسْمَاعِيلَ وَإِسْحَاقَ وَيَعْقُوبَ وَالْأَسْبَاطِ وَمَا أُوتِيَ مُوسَى وَعِيسَى وَالنَّبِيُّونَ مِنْ رَبِّهِمْ لَا نُفَرِّقُ بَيْنَ أَحَدٍ مِنْهُمْ وَنَحْنُ لَهُ مُسْلِمُونَ (84) وَمَنْ يَبْتَغِ غَيْرَ الْإِسْلَامِ دِينًا فَلَنْ يُقْبَلَ مِنْهُ وَهُوَ فِي الْآخِرَةِ مِنَ الْخَاسِرِينَ 85).

”(အို-နဗီတမန်တော် မုဟမ္မဒ်) အသင်သည် ပြောကြားပါလေ။ အကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ်ကိုလည်းကောင်း၊ အကျွန်ုပ်တို့အပေါ်ဝယ် ကျရောက်လာသောဓမ္မဒေသနာ (ကုရ်အာန်ကျမ်းတော်မြတ်)ကိုလည်းကောင်း၊ နဗီတမန်တော် အိဗ်ရာဟီးမ်၊ နဗီတမန်တော် အစ္စမာအီးလ်၊ နဗီတမန်တော် အစ္စဟာက်၊ နဗီတမန်တော် ယအ်ကူဗ်နှင့် (နဗီတမန်တော် ယအ်ကူဗ်၏) သားမြေး၊ မြစ်တို့ အပေါ်၌ ကျရောက်လာသောဒေသနာတော်များကို လည်းကောင်း၊ ယုံကြည်ကြပါသည်။ ထို့ပြင် နဗီတမန်တော်မူစာ၊ နဗီတမန်တော် အီစာနှင့် အခြား

နဗီတမန်တော်အပေါင်းတို့အား ၎င်းတို့၏ အရှင်မြတ်အထံတော်မှ ပေးသနားတော်မူသောဒေသနာတော်များကိုလည်း ကျွန်ုပ်တို့ ယုံကြည်ကြပါသည်။(တဖန် ယင်းကဲ့သို့ ယုံကြည်ရာ၌) ထိုနဗီတမန်တော် အပေါင်းတို့အနက် တစ်ပါးနှင့် တစ်ပါး ခွဲခြားခြင်း အလျှင်းမပြုကြပါ။အမှန်သော်ကား အကျွန်ုပ်တို့သည် ထို (တစ်ဆူတည်းသော) (အလ္လာဟ်အရှင်မြတ်၏ ဒေသနာတော်များ)ကို လိုက်နာသော မွတ်စ်လင်မ်များ ဖြစ်ကြပါသည်။

ထို့ပြင်တဝ မည်သူမဆို အစ္စလာမ် သာသနာမှတစ်ပါး အခြားသာသနာ တစ်ရပ်ရပ်ကို ရှာဖွေစူးစမ်းပါမူ ထိုသူ၏ထံမှ (ထိုသူရှာဖွေသော သာသနာသည် အလ္လာဟ်အရှင်မြတ်အထံတော်၌) လက်ခံသဘောတူတော်မူခြင်းကိုအလျှင်းခံရမည် မဟုတ်ပေ။ ၎င်းပြင် ထိုသူသည် နောင်တမလွန်ဘဝ၌လည်း ဆုံးရှုံးသူများအနက် တစ်ဦးအပါအဝင်ဖြစ်ပေမည်။”

ကုရ်အာန် (၃ : ၈၄၊၈၅)

## မွတ်စ်လင်မ်တို့သည် အီစာ(ယေရှု) (عليه السلام)နှင့်ပတ်သက် ၍ မည်သို့ယုံကြည်ကြသနည်း။

မွတ်စ်လင်မ်တို့သည် အလ္လာဟ်အရှင်မြတ်၏ နဗီတမန်တော်အီစာ (ယေရှု)(عليه السلام) အား ယုံကြည်ရန်၊ ချစ်ခင်လေးစားရန်၊ အလ္လာဟ်အရှင်မြတ် တစ်ပါးတည်းကိုသာ ဖက်စပ်ယှဉ်တွဲမှုမပါဘဲ ခဝပ်ကိုးကွယ်မှုပြုရန် ဖိတ်ခေါ်ခဲ့သည့် သူ၏သတင်းစကားကို သက်ဝင်ယုံယုံကြည်ရန် တာဝန်ရှိသည်ကို အသင်သိပါသလား။ တမန်တော် အီစာ(ယေရှု)နှင့် တမန်တော် မုဟမ္မဒ် (صلى الله عليهما وسلم)သည် နဗီတမန်တော်များဖြစ်ကြောင်းကို မွတ်စ်လင်မ်တို့က ယုံကြည်ကြသည်။ ထိုတမန်တော်နှစ်ပါးစလုံးသည် အလ္လာဟ်အရှင်မြတ်၏လမ်းတော်နှင့် ဂျန္နသ်သုခဘုံသို့ ရောက်ရှိစေမည့်လမ်းတော်ကို လူသားများအား ပြသပေးရန် စေလွှတ်ခြင်းခံရသည်။

အီစာ(ယေရှု) (عليه السلام)သည် အလ္လာဟ်အရှင်မြတ်စေလွှတ်ခဲ့သည့် ရစူလ်တမန်တော်များအနက် ကြီးကျယ်

လှသည့် ရစူလ်တမန်တော်တစ်ပါးဖြစ်ကြောင်းနှင့် ၎င်းသ
ည် အရှင်မြတ်၏တန်ခိုးဖြင့် မွေးဖွားလာသော သားတော်
တစ်ပါးဖြစ်ကြောင်းကို ကျွန်ုပ်တို့ ယုံကြည်ကြသည်။ အ
လ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့အား ကုရ်အာန်ကျမ်း
တော်မြတ်တွင် မိန့်ကြားတော်မူထားသည်မှာ အရှင်မြတ်
သည် တမန်တော် အာဒမ်အား မိခင်၊ ဖခင်မရှိဘဲ ဖန်ဆင်း
တော်မူခဲ့သကဲ့သို့ တမန်တော်အီစာကိုလည်း ဖခင်မရှိဘဲ ဖ
န်ဆင်းတော်မူခဲ့သည်။ အလ္လာဟ်အရှင်မြတ်သည် အရာခပ်
သိမ်းကို စွမ်းဆောင်နိုင်တော်မူသော အရှင်ဖြစ်တော်မူသ
ည်။

တမန်တော်အီစာ(ယေရှု)သည် ကိုးကွယ်ရာအရှင် မဟု
တ်သလို အလ္လာဟ်အရှင်မြတ်၏ သားတော်လည်း မဟုတ်
ပါ။ ကားစင်တင်ခြင်းလည်း မခံခဲ့ရပါ။ အမှန်တကယ်တွင်
ထိုတမန်တော်သည် နောက်ဆုံးခေတ်တွင် တရားမျှတစွာ
ဆုံးဖြတ်သူအဖြစ် ဆင်းသက်လာရန်အတွက် အလ္လာဟ်အ
ရှင်မြတ်က မိမိထံသို့ ပင့်ချီမယူတော်မူခဲ့ခြင်းဖြစ်ကြောင်း
ကျွန်ုပ်တို့ ယုံကြည်ကြသည်။ ထိုတမန်တော်သည် ပြန်လ
ည်ဆင်းသက်လာသည့်အခါ မွတ်စ်လင်မ်တို့နှင့်အတူရှိလိ

မ့်မည်။ အဘယ့်ကြောင့်ဆိုသော မွတ်စ်လင်မ်တို့သည် တမန်တော်အီစာနှင့်တကွ တမန်တော်အားလုံး ယူဆောင်လာသည့် တစ်ပါးသောအရှင်ကိုသာ ယုံကြည်ကိုးကွယ်သည့် သောင်ဟီးဒ် သစ္စာတရားကို သက်ဝင်ယုံကြည်ကြသူများ ဖြစ်ကြသည်။

အလ္လာဟ်အရှင်မြတ်က ကုရ်အာန်ကျမ်းမြတ်၌ မိန့်ကြားတော်မူသည်မှာ ခရစ်ယာန်တို့သည် တမန်တော်အီစာ(ယေရှု)၏ သတင်းစကားများကို အပြောင်းအလဲလုပ်ခဲ့ကြသည်။ ၎င်းတို့ထဲတွင် 'အင်ဂျီလ်' သမ္မာကျမ်းကို အပြောင်းအလဲလုပ်ပြီး တမန်တော်အီစာ(ယေရှု)က မိန့်ကြားခြင်းမရှိသော စာသားများကို အပိုထည့်သွင်းကာ အမှန်တရားမှ တိမ်းစောင်းသွားသူများ၊ လမ်းမှားသွားသူများ ရှိခဲ့ကြသည်။ ယင်းအတွက် သက်သေအထောက်အထားမှာ အင်ဂျီလ်' သမ္မာကျမ်းတွင် မူကွဲများစွာရှိပြီး ၎င်းတို့တွင် ကွဲလွဲမှုများစွာရှိနေသည်။

တမန်တော်အီစာ(ယေရှု)သည် အလ္လာဟ်အရှင်မြတ်ကိုသာ ခဝပ်ကိုးကွယ်ကြောင်း၊ မိမိအား ကိုးကွယ်ရန် မည်သူ့ကိုမျှ မတောင်းဆိုခဲ့ဘဲ မိမိအားဖန်ဆင်းသော အရှင်မြတ်

ကိုသာ ခဝပ်ကိုးကွယ်ကြရန် မိမိအမျိုးသားတို့အား အမိန့်ပေးခဲ့ကြောင်း၊ သို့သော် ရှိုင်သွာန်မိစ္ဆာသည် တမန်တော်အီစာအား ကိုးကွယ်လာအောင် ပြုလုပ်ခဲ့ကြောင်းကို အလ္လာဟ်အရှင်မြတ်က ကျွန်ုပ်တို့အား အသိပေးမိန့်ကြားတော်မူခဲ့သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်မှအပ အခြားသူအား ခဝပ်ကိုးကွယ်သူကို လုံးဝခွင့်လွှတ်မည်မဟုတ်ကြောင်း၊ တမန်တော်အီစာ(ယေရှု)သည် ကမ္ဘာ့တရားစီရင်မည့်နေ့တွင် မိမိအား ခဝပ်ကိုးကွယ်ကြသောသူများနှင့် ကင်းရှင်းကြောင်း ပြောကြားမည်ဖြစ်ပြီး မိမိအား ခဝပ်ကိုးကွယ်သူများကို ကျွန်ုပ်သည် အသင်တို့အား ဖန်ဆင်းရှင် အလ္လာဟ်အရှင်မြတ်ကို ခဝပ်ကိုးကွယ်ရန်သာ အမိန့်ပေးခဲ့ပြီး ကျွန်ုပ်အား ခဝပ်ကိုးကွယ်ကြရန် အမိန့်မပေးခဲ့ပါဟု ပြောကြားမည်ဖြစ်သည်။ ထိုကြောင်းကို ကုရ်အာန်ကျမ်းတော်မြတ်၌ အလ္လာဟ်အရှင်မြတ်က ကျွန်ုပ်တို့အား မိန့်ကြားတော်မူခဲ့သည်။ ဤသည်နှင့်စပ်လျဉ်း၍ အထောက်အထားများမှာ အလ္လာဟ်အရှင်မြတ် မိန့်တော်မူသည်။

﴿يَٰٓأَهۡلَ ٱلۡكِتَٰبِ لَا تَغۡلُواْ فِي دِينِكُمۡ وَلَا تَقُولُواْ عَلَى ٱللَّهِ إِلَّا ٱلۡحَقَّۚ إِنَّمَا ٱلۡمَسِيحُ
عِيسَى ٱبۡنُ مَرۡيَمَ رَسُولُ ٱللَّهِ وَكَلِمَتُهُۥٓ أَلۡقَىٰهَآ إِلَىٰ مَرۡيَمَ وَرُوحٞ مِّنۡهُۖ فَـَٔامِنُواْ بِٱللَّهِ

وَرُسُلِهِۦۖ وَلَا تَقُولُواْ ثَلَٰثَةٌۚ ٱنتَهُواْ خَيۡرًا لَّكُمۡۚ إِنَّمَا ٱللَّهُ إِلَٰهٌ وَٰحِدٌۖ سُبۡحَٰنَهُۥٓ أَن يَكُونَ لَهُۥ وَلَدٌۘ لَّهُۥ مَا فِي ٱلسَّمَٰوَٰتِ وَمَا فِي ٱلۡأَرۡضِۗ وَكَفَىٰ بِٱللَّهِ وَكِيلٗا﴾

"အို- ရှေးအထက် ပရိယတ္တိကျမ်းဂန်ရရှိသူအပေါင်းတို့၊ အသင်တို့သည် မိမိတို့ဘာသာသာသနာ၌ အလွန်အကျူးလွန်ကဲခြင်းလည်း မပြုကြကုန်လင့်။ အလ္လာဟ်အရှင်မြတ်နှင့်ပတ်သက်၍ အမှန်အကန်ပြောဆိုခြင်းမှတစ်ပါး အခြားတစ်စုံတစ်ရာ ပြောဆိုခြင်းကိုလည်း မပြုကြကုန်လင့်။ မရ်ယမ်၏သားတော် (နဗီတမန်တော်) 'မစီဟ်'အီစာသည် အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်မျှသာ ဖြစ်ချေသည်။ ၎င်းပြင် (နဗီတမန်တော်အီစာသည်) အလ္လာဟ်အရှင်မြတ်၏ အကြင်သတင်းစကားလည်းဖြစ်၏။ အလ္လာဟ်အရှင်မြတ်သည် ထိုသတင်းစကားကို မရ်ယမ်၏ထံသို့ ပို့ဆောင်တော်မူခဲ့လေသည်။ ၎င်းပြင် ထိုအရှင်မြတ်အထံတော်မှ ဝိညာဉ်လည်းဖြစ်၏။ သို့ဖြစ်ပေရာ အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကိုလည်းကောင်း၊ ထိုအရှင်မြတ်၏

‘ရစူလ်’ တမန်တော်အပေါင်းတို့ကိုလည်းကောင်း၊ ယုံကြည်ကြလေကုန်။ ထိုမှတစ်ပါး အသင်တို့သည် (ကိုးကွယ်ရာဘုရား၊ သို့တည်းမဟုတ် အလ္လာဟ်အရှင်မြတ်သည်) သုံးပါးရှိသည်ဟူ၍ မပြောဆိုကြကုန်လင့်။ အသင်တို့သည် (ယင်းကဲ့သို့ပြောခြင်းမှ) ရပ်စဲကြလေကုန်။ (သို့ရပ်စဲခြင်းသည်) အသင်တို့အဖို့ အကောင်းဆုံးပင်ဖြစ်လတ္တံ့။ အလ္လာဟ်အရှင်မြတ်သည် တစ်ဆူတည်းသောကိုးကွယ်ရာအရှင်သည်သာ ဖြစ်တော်မူလေ၏။ ထိုအရှင်မြတ်သည် မိမိ၌သားရှိခြင်းမှ ကင်းစင်တော်မူ၏။ မိုးကောင်းကင်၌ ရှိသမျှတို့သည်လည်းကောင်း၊ မြေ၌ရှိသမျှတို့သည်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ် ပိုင်ဆိုင်တော်မူသော အရာများချည်းသာဖြစ်ကုန်၏။ ၎င်းပြင် ထိုအရှင်မြတ်သည်သာလျှင် အရာရာကို စီမံပြုလုပ်ပေးတော်မူသောအရှင်မြတ်အဖြစ် လုံလောက်တော်မူပေသတည်း။”

ကုရ်အာန် (၄ : ၁၇၁)

အလ္လာဟ်အရှင်မြတ် မိန့်တော်မူသည်မှာ -

(وَإِذْ قَالَ اللَّهُ يَا عِيسَى ابْنَ مَرْيَمَ أَأَنتَ قُلْتَ لِلنَّاسِ اتَّخِذُونِي وَأُمِّيَ إِلَٰهَيْنِ مِن دُونِ
اللَّهِ ۖ قَالَ سُبْحَانَكَ مَا يَكُونُ لِي أَنْ أَقُولَ مَا لَيْسَ لِي بِحَقٍّ ۚ إِن كُنتُ قُلْتُهُ فَقَدْ
عَلِمْتَهُ ۚ تَعْلَمُ مَا فِي نَفْسِي وَلَا أَعْلَمُ مَا فِي نَفْسِكَ ۚ إِنَّكَ أَنتَ عَلَّامُ الْغُيُوبِ

"(ပြန်လည်အောက်မေ့သတိရပါလေ။) အကြင်အခါဝယ် အလ္လာဟ်အရှင်မြတ်သည် (ဤသို့) မိန့်ကြားတော်မူအံ့။ "အို-'မရ်ယမ်' ၏သား'အီစာ' အသင်က လူတို့အား အသင်တို့သည် အလ္လာဟ်အရှင်မြတ်အပြင် ကျွန်ုပ် (အီစာ) ကိုလည်းကောင်း၊ ကျွန်ုပ်၏မယ်တော် (မရ်ယမ်) ကိုလည်းကောင်း၊ ကိုးကွယ်ရာ (ဘုရား)နှစ်ပါး မှတ်ယူကြလေကုန်" ဟု ပြောကြားခဲ့ပါသလော။ ထိုအခါ (အီစာ) (အလိုင်းဟိစ္စလာမ်)သည် (ဤသို့) လျှောက်ထားပြန်ကြားပေအံ့။ "(အို - အရှင်) အရှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူပါ၏။ ကျွန်တော်မျိုးမှာ မိမိမပြောထိုက်သောစကားကို ပြောဆိုခွင့် အလျှင်းမရှိပါ။ အကယ်၍သာ ကျွန်တော်မျိုးသည် ထိုစကားကိုပြောဆိုမိခဲ့ပါမူ အရှင်မြတ်သည် ထိုပြောဆိုသည်ကို မုချ သိရှိတော်မူပြီးပင်ဖြစ်ပါသည်။ အရှင်မြတ်သည် ကျွန်တော်မျိုး၏စိတ်တွင်း၌ ရှိသမျှတို့ကို (အကြွင်းမဲ့) သိရှိတော်မူပါ၏။ သို့ရာတွင် ကျွန်တော်မျိုးမှာမူကား အရှင်

မြတ်၏စိတ်တွင်း၌ရှိသည်တို့ကို မသိပါ။ ကေန်စင်စစ် အရှ င်မြတ်သည်သာလျှင် အကွယ်၌ရှိသမျှတို့ကို အကြွင်းမဲ့ သိ ရှိတော်မူသောအရှင် ဖြစ်တော်မူပါသတည်း။” ကုရ်အာန် (၅ : ၁၁၆)

မည်သူမဆို နောင်တမလွန်ဘဝ၌ လွတ်မြောက်အောင် မြင်မှုရလိုလျှင် အစ္စလာမ်သာသနာကိုလက်ခံပြီး တမန် တော် မုဟမ္မဒ် (صلی الله علیه وسلم)အား နောက်လိုက်မှု ပြုရ မည်ဖြစ်သည်။

နဗီ၊ ရစူလ် တမန်တော်(علیهم السلام)များအားလုံး တညီ တညွတ်တည်း လက်ခံခဲ့ကြသည့် အမှန်တရားတစ်ခုမှာ ကြီးကျယ်မြင့်မြတ်တော်မူသော အလ္လာဟ်အရှင်မြတ်ကို ယုံကြည်ပြီး မည်သူ့ကိုမျှ အရှင်မြတ်နှင့် ယှဉ်တွဲကိုးကွယ် ခြင်းမပြုဘဲ နဗီ၊ ရစူလ်တမန်တော်များအားလုံးကို သက်ဝ င်ယုံကြည်သူ မွတ်စ်လင်မ်များသာ နောင်တလွန်တွင် လွ တ်မြောက်အောင်မြင်မည်ဖြစ်သည်။ တမန်တော် မူစာ( မောရှေ)ခေတ်တွင်ရှိခဲ့ပြီး တမန်တော် မူစာ(မောရှေ)အား ယုံကြည်ကာ သူသင်ကြားပို့ချသည့် တရားတော်များကို လိုက်နာကြသူများသည် မွတ်စ်လင်မ်များ၊ ကောင်းမြတ်

သည့် ယုံကြည်သူများဖြစ်ကြသည်။ သို့သော် အလ္လာဟ်အရှင်မြတ်က တမန်တော်အီစာ(ယေရှု)အား ရစူလ်တမန်တော်အဖြစ် စေလွှတ်ပြီးနောက် တမန်တော်မူစာ(မောရှေ)အား နောက်လိုက်ကြသူများသည် တမန်တော်အီစာ(ယေရှု)အား ယုံကြည်ကာ နောက်လိုက်ကြရန် တာဝန်ရှိသည်။ တမန်တော်အီစာ(ယေရှု)အား ယုံကြည်သူသည် ကောင်းမြတ်သည့် မွတ်စ်လင်မ်ဖြစ်ပြီး တမန်တော်အီစာ(ယေရှု) အား ယုံကြည်ရန်ငြင်းဆန်ပြီး ကျွန်ုပ်သည် တမန်တော်မူစာ(မောရှေ)၏ သာသနာအတိုင်းဆက်လက် ရှိနေမည်ဟု ပြောဆိုသူသည် မုအ်မင်န် ယုံကြည်သူမဟုတ်တော့ပေ။ အဘယ့်ကြောင့်ဆိုသော သူသည် အလ္လာဟ်အရှင်မြတ်စေလွှတ်ခဲ့သည့် တမန်တော်ကို ယုံကြည်ငြင်းပယ်သည့်အတွက်ဖြစ်သည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်က နောက်ဆုံးတမန်တော် မုဟမ္မဒ်အား စေလွှတ်လိုက်သောအခါ လူသားအားလုံးသည် ထိုတမန်တော်အား သက်ဝင်ယုံကြည်ရန် တာဝန်ရှိသည်။ တမန်တော်မူစာ(မောရှေ)နှင့် တမန်တော်အီစာ(ယေရှု)တို့အား စေလွှတ်ခဲ့သော အလ္လာဟ်အရှင်မြတ်ကသာ နောက်ဆုံးတမန်တော် မုဟမ္မဒ်ကို စေလွှတ်

ခဲ့ခြင်းဖြစ်သည်။ မည်သူမဆို တမန်တော်မုဟမ္မဒ် ရစူလ် တမန်တော်ဖြစ်ခြင်းကို ငြင်းဆန်ပြီး ကျွန်ုပ်သည် တမန် တော်မူစာ(မောရှေ)နှင့် တမန်တော်အီစာ(ယေရှု) နောက် သို့သာလိုက်မည်ဟု ပြောဆိုပါက ထိုသူသည် မုအ်မင်န် ယုံ ကြည်သူမဟုတ်တော့ပါ။

လူတစ်ဦးအနေဖြင့် မိမိသည် မွတ်စ်လင်မ်တို့အား ဂုဏ် ပေးလေးစားပါသည်ဟု ပြောဆိုခြင်း၊ ဆင်းရဲသားများကို လှူဒါန်းခြင်း၊ ကူညီခြင်းတို့ ပြုရုံမျှဖြင့် နောင်တမလွန်၌ လွ တ်မြောက်မှုရရန် မလုံလောက်ပါ။ အမှန်တကယ် အရေး ကြီးသည်မှာ သူသည် မိမိဆောင်ရွက်ခဲ့သော ကောင်းမှု များကို အလ္လာဟ်အရှင်မြတ်က လက်ခံတော်မူရန်အတွက် အလ္လာဟ်အရှင်မြတ်အားလည်းကောင်း၊ အရှင်မြတ်၏ကျ မ်းဂန်များအားလည်းကောင်း၊ အရှင်မြတ်၏ရစူလ်တမန် တော်များအားလည်းကောင်း၊ ကိယာမသ် ကမ္ဘာပျက်မည့် နေ့အားလည်းကောင်း ယုံကြည်သူဖြစ်ရန် အရေးကြီးသ ည်။ အလ္လာဟ်အရှင်မြတ်အား တုဖက်နှိုင်းယှဉ်ခြင်း၊ အရှင် မြတ်အားငြင်းပယ်ခြင်း၊ အလ္လာဟ်အရှင်မြတ်ချပေးထား သော ဝဟီဗျာဒိတ်တော်များကို ငြင်းပယ်ခြင်း၊ တမန်တော်

များအနက်မှ နောက်ဆုံးတမန်တော်မုဟမ္မဒ် (صلى الله عليه و سلم)အား ရစူလ်တမန်တော်အဖြစ် လက်မခံခြင်း စသည့်အကုသိုလ်များထက် ပို၍ကြီးမားသော အကုသိုလ်ဟူ၍မရှိပေ။ တမန်တော် မုဟမ္မဒ် (صلى الله عليه وسلم)သည် ရစူလ်မန်တော်ဖြစ်ကြောင်း ကြားသိပြီးနောက် ထိုတမန်တော်အား ယုံကြည်ရန် ငြင်းဆန်ခဲ့ကြပြီး အစ္စလာမ်သာသနာကို လက်ခံရန် ငြင်းပယ်ခဲ့ကြသော ဂျူးနှင့် ခရစ်ယာန်တို့သည် ငရဲမီး၌ ထာဝရနေကြရမည်ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ-

{إِنَّ الَّذِينَ كَفَرُوا مِنْ أَهْلِ الْكِتَابِ وَالْمُشْرِكِينَ فِي نَارِ جَهَنَّمَ خَالِدِينَ فِيهَا ۚ أُولَـٰئِكَ هُمْ شَرُّ الْبَرِيَّةِ}

"ရှေးအထက်ကျမ်းဂန်ရရှိသူတို့အနက်မှလည်းကောင်း၊ "မုရှ်ရစ်က်" တစ်စုံတစ်ရာကို အလ္လာဟ်အရှင်မြတ်နှင့် တွဲဖက်ကိုးကွယ်သူတို့အနက်မှလည်း ကောင်း၊ သွေဖည်ငြင်းငြင်းပယ်ခဲ့ကြကုန်သော သူတို့မှာ ဧကန်အမှန်ဂျဟန္နမ်ငရဲ၏ မီးထဲသို့ အမြဲထာဝစဉ် နေထိုင်ခံစားကြရသူများအဖြစ် လားကြရပေမည်။ ထိုသူတို့ကား

အဖန်ဆင်းခံတို့တွင် အဆိုးဆုံးသောသူများပင် ဖြစ်ကြကုန်၏။”

ကုရ်အာန် (၉၈ : ၆)

အလ္လာဟ်အရှင်မြတ်ထံတော်မှ လူသားအားလုံးဆီသို့ နောက်ဆုံးသတင်းစကား ကျရောက်ခဲ့ပြီဖြစ်သည်။ ထို့ကြောင့် အစ္စလာမ်သာသနာတော်နှင့် နောက်ဆုံးတမန်တော် မုဟမ္မဒ်(صلى الله عليه وسلم)အကြောင်းကို ကြားနာသူတိုင်းသည် တမန်တော်မြတ်အား သက်ဝင်ယုံကြည်ရန်၊ တမန်တော်မြတ်၏တရားလမ်းစဉ်ကို လိုက်နာကျင့်သုံးရန်၊ တမန်တော်မြတ် အမိန့်ပေးထားသည့်အရာကို နာခံပြီး၊ တားမြစ်ထားသည့်အရာမှ ရှောင်ကြဉ်ရန် တာဝန်ရှိသည်။ ထို့ကြောင့် မည်သူမဆို ဤနောက်ဆုံးသတင်းစကားကို ကြားသိရပြီးနောက် ငြင်းဆန်ခဲ့သော် အလ္လာဟ်အရှင်မြတ်သည် ထိုသူ ကျင့်သုံးနေသော မည်သည့် တရားလမ်းစဉ်ကိုမျှ လက်ခံမည် မဟုတ်သည့်အပြင် နောင်မတလွန်၌ ၎င်းအား ပြစ်ဒဏ်ပေးတော်မူမည်ဖြစ်သည်။ ဤသည်နှင့် စပ်လျဉ်း၍ အထောက်အထားမှာ အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်။

﴿وَمَن يَبۡتَغِ غَيۡرَ ٱلۡإِسۡلَٰمِ دِينًا فَلَن يُقۡبَلَ مِنۡهُ وَهُوَ فِى ٱلۡـَٔاخِرَةِ مِنَ ٱلۡخَـٰسِرِينَ﴾

"ထို့ပြင်တစ မည်သူမဆို အစ္စလာမ် သာသနာမှတစ်ပါး အခြားသာသနာ တစ်ရပ်ရပ်ကို ရှာဖွေစူးစမ်းပါမူ ထိုသူ၏ထံမှ (ထိုသူရှာဖွေသော သာသနာသည် အလ္လာဟ်အရှင်မြတ်အထံတော်၌) လက်ခံသဘောတူတော်မူခြင်းကိုအလျင်းခံရမည် မဟုတ်ပေ။ ၎င်းပြင် ထိုသူသည် နောင်တမလွန်ဘဝ၌လည်း ဆုံးရှုံးသူများအနက် တစ်ဦးအပါအဝင်ဖြစ်ပေမည်။"

ကုရ်အာန် (၃ : ၈၅)

အလ္လာဟ်အရှင်မြတ် မိန့်တော်မူသည်မှာ -

(قُلْ يَا أَهْلَ الْكِتَابِ تَعَالَوْا إِلَىٰ كَلِمَةٍ سَوَاءٍ بَيْنَنَا وَبَيْنَكُمْ أَلَّا نَعْبُدَ إِلَّا اللَّهَ وَلَا نُشْرِكَ بِهِ شَيْئًا وَلَا يَتَّخِذَ بَعْضُنَا بَعْضًا أَرْبَابًا مِّن دُونِ اللَّهِ ۚ فَإِن تَوَلَّوْا فَقُولُوا اشْهَدُوا بِأَنَّا مُسْلِمُونَ)

"(အို-နဗီ) အသင်သည် (ယဟူဒီနှင့် ခရစ်ယာန်တို့အား) ပြောကြားပါလေ၊ အို-ကျမ်းဂန် ရရှိသူအပေါင်းတို့၊အသင်တို့သည် အကျွန်ုပ်တို့နှင့် အသင်တို့ကြား၌ (အားလုံးလက်ခံထားသည့်) တူညီသော စကားဘက်သို့လာကြကုန်၊(ထိုစကားသည်ကား) ငါတို့သည် အလ္လာဟ်အရှင်မြတ်မှတစ်ပါး

အခြားမည်သည့်အရာကိုမျှ မခဝပ်မကိုးကွယ်ခြင်း၊ ငါတို့သည် တစ်စုံတစ်ခုသော အရာကိုမျှ ထိုအရှင်မြတ်နှင့်တွဲဖက်ယှဉ်ဖက်ဟူ၍ မပြုခြင်း၊ ငါတို့အနက် အချို့သည်အလ္လာဟ်အရှင်မြတ်ကို ဖဲကြဉ်၍ အချို့သောသူများကို မွေးမြူတော်မူသော အရှင်များဟူ၍ မပြုလုပ်ခြင်း (ပင်တည်း)။ (ယင်းကဲ့သို့ ဖိတ်ခေါ် ပြီးသည့်နောက်သော်မှပင်) အကယ်၍ ထိုသူတို့သည် သွေဖည်ကျောခိုင်းသွားကြပါမူ (အို-မွတ်စ်လင်မ် အပေါင်းတို့) အသင်တို့က (ထိုသူတို့အား၊ အချင်းတို့) ကျွန်ုပ်တို့သည်(အလ္လာဟ်အရှင်မြတ်၏) အမိန့်တော်များကို မုချနာခံသောမွတ်စ်လင်မ်များပင်ဖြစ်ကြောင်း အသင်တို့ ကိုယ်တိုင် သက်သေခံကြကုန်ဟု ပြောဆိုကြကုန်လော့။” ကုရ်အာန် (၃ : ၆၄)

## မွတ်စ်လင်မ်ဖြစ်ရန် ကျွန်တော်ဘာတွေလုပ်ရမည်နည်း။

အစ္စလာမ်သာသနာတော်သို့ ဝင်ရောက်ရန် ဤမဏ္ဍိုင်ကြီး(၆)ခုကို သက်ဝင်ယုံကြည်ရန် လိုအပ်သည်။ ၎င်းတို့မှာ-

၁။ အလ္လာဟ်အရှင်မြတ်အား သက်ဝင်ယုံကြည်ခြင်း။ အရှင်မြတ်သည် ဖန်ဆင်းတော်မူသောအရှင်၊ ရိကျ္ခာချီးမြှင့်တော်မူသောအရှင်၊ စီမံခန့်ခွဲတော်မူသောအရှင်၊ စိုးပိုင်တော်မူသောအရှင် ဖြစ်ကြောင်းယုံကြည်ခြင်း၊ အရှင်မြတ်နှင့် တူသောအရာဟူ၍ မည်သည့် တစ်စုံတစ်ရာမျှပင်မရှိ၊ အရှင်မြတ်၌ ဇနီး၊ သားသမီးဟူ၍မရှိ၊ အရှင်မြတ်တစ်ပါးတည်းသာလျှင် ခဝပ်ကိုးကွယ်ခြင်းကို ခံထိုက်ကြောင်းကို သက်ဝင်ယုံကြည်ရမည်။

၂။ မလာအိကဟ် ကောင်းကင်းတမန်များကို ယုံကြည်ခြင်း။ ၎င်းတို့သည် အရှင်မြတ်၏ ကျေးကျွန်များဖြစ်ပြီး၊ အရှင်မြတ်က သူတို့အား 'နူးရ်' အလင်းရောင်ဖြင့် ဖန်ဆင်းထားသည်။ အရှင်မြတ်သည် ၎င်းတို့ကို တာဝန်အသီးသီးပေးထားပြီး ထိုတာဝန်များအနက် အရှင်မြတ်၏ နဗီတမန်တော်များထံသို့ ဝဟီဗျာဒိတ်တော်များ ပို့ဆောင်ခြင်းလည်း ပါဝင်သည်။

၃။ အလ္လာဟ်အရှင်မြတ်က မိမိ၏နဗီတမန်တော်များအပေါ် ချပေးခဲ့သော ကျမ်းဂန်များအားလုံးကို ယုံကြည်ခြင်း။ ဥပမာ- 'သောင်ရသ်'တိုရာကျမ်း၊ 'အင်ဂျီလ်'သမ္မာကျမ်း၊

နောက်ဆုံးကျရောက်ခဲ့သော ကုရ်အာန်ကျမ်း စသည်တို့ဖြစ်သည်။

၄။ တမန်တော် နူးဟ်၊ တမန်တော် အိဗ်ရာဟီးမ်၊ တမန်တော် အီစာ၊ နောက်ဆုံးတမန်တော် မုဟမ္မဒ် စသည်တို့အပြင် တမန်တော်များအားလုံးကို သက်ဝင်ယုံကြည်ခြင်း။ တမန်တော်များအားလုံးသည် လူသားများဖြစ်ကြပြီး အရှင်မြတ်က ၎င်းတို့အား ဝဟီဗျာဒိတ်တော်များပို့ချတော်မူပြီး၊ ၎င်တို့ မှန်ကန်ကြောင်း ညွှန်ပြနေသည့် သက်သေလက္ခဏာတော်များ၊ မုအ်ဂျိဇဟ် တန်ခိုးတော်များကိုချီးမြှင့်ပြီး ကူညီတော်မူခဲ့သည်။

၅။ နောက်ဆုံးနေ့ကို သက်ဝင်ယုံကြည်ခြင်း။ ထိုနေ့တွင် အလ္လာဟ်အရှင်မြတ်သည် လူသားအားလုံးကို ရှင်ပြန်ထစေပြီး၊ မိမိ၏ အဖန်ဆင်းခံများကြား၌ စီရင်ဆုံးဖြတ်တော်မူမည်ဖြစ်သည်။ ၎င်းနောက် မုအ်မင်န် ယုံကြည်သူများကို ဂျန္နသ် သုခဘုံသို့ ဝင်ရောက်စေပြီး ကာဖိရ် မယုံကြည်သူများကို ဂျဟန္နမ်ငရဲဘုံသို့ ဝင်ရောက်စေမည်။

၆။ သက္ကဒီးရ် အကောင်း၊ အဆိုးအားလုံးကို အလ္လာဟ်အရှင်မြတ်ကသာ သတ်မှတ်သည်ဟု သက်ဝင်ယုံကြည်ခြ

င်း။ အရှင်မြတ်သည် အတိတ်၌ ဖြစ်ခဲ့သောအရာများ အနာဂတ်တွင် ဖြစ်ပေါ်လာမည့်အရာများ အားလုံးကို သိတော်မူသည်။ အလ္လာဟ်အရှင်မြတ်သည် အရာရာတိုင်းကို ရေးသားမှတ်တမ်းတင်ထားတော်မူပြီး ထိုအရာများကို ဖြစ်ပေါ်လာစေရန် အလိုရှိကာ အရာရာတိုင်းကို ဖန်ဆင်းတော်မူခဲ့သည်။

## အစ္စလာမ်သာသနာသည် ပျော်ရွှင်မှုရရှိမည့် လမ်းစဉ်ဖြစ်သည်။

အစ္စလာမ်သာသနာသည် တမန်တော်အားလုံး၏ သာသနာဖြစ်ပြီး အာရပ်လူမျိုးနှင့်သာ သက်ဆိုင်သော သာသနာမဟုတ်ပါ။

အစ္စလာမ်သာသနာသည် လောကီဘဝ၌ စစ်မှန်သော ပျော်ရွှင်မှုကို ရရှိမည့်လမ်းစဉ်၊ နောင်တမလွန်ဘဝတွင် ထာဝရစည်းစိမ်များကို ရရှိမည့်လမ်းစဉ်ဖြစ်သည်။

အစ္စလာမ်သည် စိတ်ဝိညာဉ်နှင့် ခန္ဓာကိုယ်၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးပြီး လူသားနှင့်ဆိုင်သော ပြဿ

နာအားလုံးကို ဖြေရှင်းပေးနိုင်သည့် တစ်ခုတည်းသော သာသနာဖြစ်သည်။

အလ္လာဟ်အရှင်မြတ် မိန့်တော်မူသည်မှာ-

{قَالَ اهْبِطَا مِنْهَا جَمِيعًا بَعْضُكُمْ لِبَعْضٍ عَدُوٌّ فَإِمَّا يَأْتِيَنَّكُمْ مِنِّي هُدًى فَمَنِ اتَّبَعَ هُدَايَ فَلا يَضِلُّ وَلا يَشْقَى وَمَنْ أَعْرَضَ عَنْ ذِكْرِي فَإِنَّ لَهُ مَعِيشَةً ضَنْكًا وَنَحْشُرُهُ يَوْمَ الْقِيَامَةِ أَعْمَى

"ထိုအရှင်မြတ်က (ဤသို့)မိန့်ကြားတော်မူခဲ့၏။အသင်တို့နှစ်ဦးသည် ယင်းဂျန္နသ်အမတသုခဘုံမှ ဆင်းသွားကြလေကုန်။ အသင်တို့(၏သားသမီးများ) အနက် တစ်ဦးသည်တစ်ဦး၏ ရန်သူပင်ဖြစ်ပေမည်။ ထို့နောက် အကယ်၍ အသင်တို့ထံ ငါအရှင်မြတ်အထံတော်မှ တစ်စုံတစ်ရာ တရားလမ်းညွှန်ရောက်ရှိ လာသောအခါ မည်သူမဆို ငါအရှင်မြတ်၏ တရားလမ်းညွှန်အတိုင်း လိုက်နာခဲ့မူ ထိုသူသည် လမ်းမှားလိမ့်မည်လည်းမဟုတ်ပေ။ ဆင်းရဲဒုက္ခ(ပျက်စီးဆုံးရှုံးခြင်းနှင့်)တွေ့ကြုံရမည်လည်း မဟုတ်ပေ။

သို့ရာတွင် မည်သူမဆို ငါ့အရှင်မြတ်၏ တရားဒေသနာတော်မှ မျက်နှာလွှဲခဲ့မူ ကေန်မလွဲ ထိုသူ၌ ကျပ်တည်းသော အသက်မွေးမြူမှုရှိပေမည်။ ထို့ပြင် ငါ့အရှင်မြတ်သည် ၎င်းအား ကိယာမသ်နေ့တွင် မျက်ကန်းအဖြစ် ရှင်ပြန်ထစေတော်မူမည်ဖြစ်သည်။”

ကုရ်အာန် (၂၀ : ၁၂၃၊၁၂၄)

## အစ္စလာမ်သာသနာသို့ ဝင်ရောက်ပါက ကျွန်တော်မည်သည့်အကျိုးများ ခံစားရမည်နည်း။

အစ္စလာမ်သာသနာသို့ ဝင်ရောက်ခြင်းဖြင့် ကြီးမားလှသော အကျိုးတရားများရှိသည်။ ၎င်းတို့အနက်မှအချို့မှာ

- လူသားသည် လောကတွင် အလ္လာဟ်အရှင်မြတ်၏ ကျေးကျွန်ဖြစ်ကာ အောင်မြင်မှုနှင့် ဂုဏ်သိက္ခာကိုရရှိမည်ဖြစ်သည်။ ဤသို့မဖြစ်ပါက လူသားသည် စိတ်အလိုဆန္ဒ၊ ရှိုင်သွာန်မိစ္ဆာနှင့် စိတ်အလိုရမ္မက်၏ ကျွန်ဖြစ်သွားမည်။

- နောင်တမလွန်ဘဝတွင်ရရှိမည့် အကြီးမားဆုံးအောင်မြင်မှုမှာ ဂျဟန္နမ်ငရဲဘုံမှ လွတ်မြောက်ခြင်း၊ ဂျန္နသ်သုခဘုံကို ဝင်ရောက်ရခြင်း၊ အလ္လာဟ်အရှင်မြတ်၏ကျေနပ်နှစ်

သက်မှုနှင့် ဂျန္နသ်သုခဘုံတွင်အမြဲထာဝရနေထိုင်ခွင့်ရကာ အောင်မြင်မှုရရှိခြင်းဖြစ်သည်။

- အလ္လာဟ်အရှင်မြတ်က ဂျန္နသ်သုခဘုံသို့ ဝင်ရောက်စေသောသူတို့သည် သေဆုံးခြင်း၊ ရောဂါဝေဒနာ၊ နာကျင်ခြင်း၊ ဝမ်းနည်းခြင်း၊ အိုမင်းခြင်းတို့မရှိသော ထာဝရစည်းစိမ်များ၌ နေထိုင်ကြရမည်ဖြစ်ပြီး မိမိတို့လိုလားတောင့်တသည့်အရာတိုင်းကို ရရှိမည်ဖြစ်သည်။

ဂျန္နသ်သုခဘုံတွင် မည်သည့်မျက်စိကမျှ မမြင်ဘူးသော၊ မည်သည့်နားကမျှ မကြားဘူးသော၊ မည်သည့်လူသားကမျှ မတွေးဘူးသော စည်းစိမ်များရှိသည်။

ဤသည်နှင့်စပ်လျဉ်းသည့် အထောက်ထားများမှာ အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်။

﴿مَنْ عَمِلَ صَـٰلِحًا مِّن ذَكَرٍ أَوْ أُنثَىٰ وَهُوَ مُؤْمِنٌ فَلَنُحْيِيَنَّهُۥ حَيَوٰةً طَيِّبَةً ۖ وَلَنَجْزِيَنَّهُمْ أَجْرَهُم بِأَحْسَنِ مَا كَانُوا۟ يَعْمَلُونَ﴾

"မည်သူမဆို ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ(မုအ်မင်န်အဖြစ်နှင့်) ကောင်းမြတ်သောအကျင့်သီလကို ကျင့်မူဆောက်တည်ခဲ့သော်၊ ၎င်းပြင် ထိုသူသည် မုအ်မင်န် သက်ဝင်ယုံကြည်သူ(လည်း)ဖြစ်ခဲ့သော် မလွဲကေန် ငါအရှင်မြ

တ်သည်ထိုသူအား သန့်ရှင်းစင်ကြယ်သောအသက်ရှင်ခြင်းမျိုးဖြင့်အသက်ရှင်စေတော်မူပေမည်။ ထိုမှတစ်ပါး မုချစင်စစ် ငါအရှင်မြတ်သည် ထိုသူတို့အား ၎င်းတို့၏အကျိုးကို ၎င်းတို့ကျင့်မူဆောက်တည်လျက်ရှိခဲ့ကြကုန်သောကောင်းမြတ်သောအကျင့်သီလနှင့်လျော်ညီစွာ ချီးမြှင့်တော်မူပေမည်။" ကုရ်အာန် (၁၆ : ၉၇)

## အစ္စလာမ်သာနာတော်ကို လက်မခံလျှင် ကျွန်တော်မည်သည့်အရာများ ဆုံးရှုံးသွားမည်နည်း။

အစ္စလာမ်သာနာတော်ကို လက်မခံသူသည် အကြီးကျယ်ဆုံး အသိပညာနှင့် အသိတရားဖြစ်သည့် အလ္လာဟ်အရှင်မြတ်ကို သိရှိခြင်း၊ အလ္လာဟ်အရှင်မြတ်အား အီမာန်သက်ဝင်ယုံကြည်ခြင်းကို ဆုံးရှုံးသွားမည်ဖြစ်သည်။ ထိုယုံကြည်မှုတရားသည် လူသားအား လောကီ၌လုံခြုံမှု၊ စိတ်တည်ငြိမ်အေးချမ်းမှုနှင့် နောင်တမလွန်ဘဝတွင် မည်သည့်အခါမျှ ပျောက်ကွယ်သွားခြင်းမရှိသော စည်းစိမ်များကို ချီးမြှင့်ပေးမည့်အရာဖြစ်သည်။

ထို့ပြင်သူသည် အလ္လာဟ်အရှင်မြတ်က လူသားများထံ ချပေးခဲ့သည့် အကြီးကျယ်ဆုံး ကုရ်အာန်ကျမ်းမြတ်ကို လေ့လာနိုင်ခြင်း၊ ထိုကျမ်းတော်မြတ်အား သက်ဝင်ယုံကြည်ခြင်းတို့ ဆုံးရှုံးသွားမည်ဖြစ်သည်။

၎င်းပြင် သူသည် ကြီးကျယ်လှသော တမန်တော်များအား သက်ဝင်ယုံကြည်ခြင်း၊ ကိယာမသ်ရှင်ပြန်ထမည့်နေ့တွင် ထိုတမန်တော်များနှင့် အတူနေခွင့်ရခြင်းကို ဆုံးရှုံးသွားမည်။ ၎င်းပြင် ရှိုင်သွာန်များ၊ အပြစ်ကျူးလွန်ကြသူများ၊ မတရားပြုကြသူများအတူ ငရဲဘုံ၌နေထိုင်ရမည်ဖြစ်သည်။ ဤသည် အလွန်ဆိုးရွားလှသော နေရာဌာနနှင့် အလွန်ဆိုးရွားလှသည့် အိမ်နီးချင်းများပင်ဖြစ်သည်။

အလ္လာဟ်အရှင်မြတ် မိန့်တော်မူသည်မှာ-

قُلْ إِنَّ الْخَاسِرِينَ الَّذِينَ خَسِرُوا أَنْفُسَهُمْ وَأَهْلِيهِمْ يَوْمَ الْقِيَامَةِ أَلَا ذَلِكَ هُوَ الْخُسْرَانُ الْمُبِينُ (15) لَهُمْ مِنْ فَوْقِهِمْ ظُلَلٌ مِنَ النَّارِ وَمِنْ تَحْتِهِمْ ظُلَلٌ ذَلِكَ يُخَوِّفُ اللَّهُ بِهِ عِبَادَهُ يَا عِبَادِ فَاتَّقُونِ } .

“သို့ဖြစ်ပေရာ အသင်တို့သည် ထိုအရှင်မြတ်အား စွန့်လွှတ်၍ မိမိတို့အလိုရှိရာကို ဆည်းကပ်ကိုးကွယ်ကြလေကုန်။ ဧကန်မလွဲ မိမိတို့ကိုယ်တိုင်နှင့် ပတ်သက်၍လည်းကောင်း၊(မိမိတို့အိမ်သူအိမ်သားများနှ

င့် ပတ်သက်၍လည်းကောင်း၊) "ကိယာမသ်" ရှင်ပြန်ထမည့်နေ့တွင် ဆုံးရှုံးကြသောသူတို့သည် သာလျှင်(လုံး၀)ဆုံးရှုံးသူများ ဖြစ်ကြကုန်၏။ သတိပြုကြလေကုန်။ ဤသည်သာလျှင် ထင်ရှားလှစွာသော ဆုံးရှုံးမှုပင်။

၎င်းတို့သည် ၎င်းတို့၏အထက်တွင်လည်း မီးဖြင့်ပြီးသော အမိုးများရှိကြပေမည်။ ၎င်းတို့၏ အောက်တွင်လည်း(မီးဖြင့်ပြီးသော) အခင်းများရှိကြပေမည်။ ဤသည် အကြင်(ပြစ်ဒဏ်)ပင်၊ အလ္လာဟ်အရှင်မြတ်သည် မိမိကျွန်တို့အား ပြစ်ဒဏ်ကို ကြောက်ရွံ့စေတော်မူ၏။ သို့ဖြစ်ပေရာ အို- ငါအရှင်မြတ်၏ ကျွန်အပေါင်းတို့၊ အသင်တို့သည် ငါအရှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။"

ကုရ်အာန် (၃၉ : ၁၅၊၁၆)

## ဆုံးဖြတ်ချက်ချရန် မနှောင့်နှေးပါနှင့်။

လောကသည် အမြဲထာဝရနေထိုင်ရမည့်နေရာ မဟုတ်ပါ။

လောက၏အလှတရားများအားလုံး ပျောက်ကွယ်သွားမည်ဖြစ်ပြီး ရမ္မက်ဆန္ဒများအားလုံးလည်း ချုပ်ငြိမ်းသွားမည်ဖြစ်သည်။

အသင်လုပ်ခဲ့သမျှကို စစ်ဆေးမည့်နေ့ မကြာမီရောက်ရှိလာလိမ့်မည်။ ထိုနေ့သည် ကိယာမသ် ကမ္ဘာပျက်မည့်နေ့ ဖြစ်သည်။ အလ္လာဟ်အရှင်မြတ် မိန့်တော်မူသည်။

{وَوُضِعَ الْكِتَابُ فَتَرَى الْمُجْرِمِينَ مُشْفِقِينَ مِمَّا فِيهِ وَيَقُولُونَ يَا وَيْلَتَنَا مَالِ هَذَا الْكِتَابِ لاَ يُغَادِرُ صَغِيرَةً وَلاَ كَبِيرَةً إِلاَّ أَحْصَاهَا وَوَجَدُوا مَا عَمِلُوا حَاضِرًا وَلاَ يَظْلِمُ رَبُّكَ أَحَدًا}

“(၎င်းပြင် (မှတ်တမ်း)စာအုပ်များသည် (ထိုသူတို့ရှေ့တွင်) ချထားလျက်ရှိပေမည်။ ထိုအခါ အသင်သည် အပြစ်ရှိသူတို့အား ယင်း(မှတ်တမ်း)စာအုပ်များ၌ (ရေးသား၍ထားသော) အကြောင်းအရာများကြောင့် ထိတ်လန့်လျက်ရှိနေကြသည်ကို တွေ့မြင်ပေမည်။ ထို့ပြင် ၎င်းတို့ကသြော်-ကျွန်ုပ်တို့အကျိုးနည်းရလေခြင်း၊ ဤ(မှတ်တမ်း)စာအုပ်သည် မည်သို့သော စာအုပ်ပါနည်း။ ဤစာအုပ်သည် မည်သည့်သေးငယ်သော(ပြစ်မှု) တစ်စုံတစ်ရာကိုမျှလည်းကောင်း၊ မည်သည့်ကြီးလေးသော (ပြစ်မှု) တစ်စုံတစ်ရာကိုမျှလည်းကောင်း၊ ခြွင်းချန်ထားခြင်းမပြုပဲ ရေတွက် (

မှတ်သားထား)ခဲ့လေသည်။ဟု ပြောဆိုမြည်တမ်း ညည်းညူကြပေမည်။ ထိုမှတစ်ပါး ၎င်းတို့သည် မိမိတို့ကျင့်မှုခဲ့သမျှတို့ကိုလည်း (မိမိတို့)ရှေ့ဝယ် အသင့်ရောက်ရှိနေသည်ကို တွေ့ရှိကြရပေမည်။ သို့ရာတွင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်မှာမူကား မည်သူတစ်ဦးတစ်ယောက်ကိုမျှ မတရားပြုလုပ်တော်မူမည်မဟုတ်ပေ။" ကုရ်အာန် (၁၈ : ၄၉)

အစ္စလာမ်သာသနာကို လက်မခံသူသည် ဂျဟန္နမ်ငရဲဘုံ၌ အမြဲနေထိုင်ရမည့်အကြောင်း အလ္လာဟ်အရှင်မြတ်က အသိပေးမိန့်ကြားထားသည်။

ဆုံရှုံးမှုနှင့် ရင်ဆိုင်ရခြင်းသည် လွယ်ကူသောကိစ္စမဟုတ် အလွန်ပင်ကြီးကျယ်လှသော ကိစ္စဖြစ်သည်။

{وَمَن يَبْتَغِ غَيْرَ الْإِسْلَامِ دِينًا فَلَن يُقْبَلَ مِنْهُ وَهُوَ فِي الْآخِرَةِ مِنَ الْخَاسِرِينَ }

"ထို့ပြင်တဝမည်သူမဆို အစ္စလာမ်သာသနာမှတစ်ပါး အခြားသာသနာတစ်ရပ်ရပ်ကိုရှာဖွေစူးစမ်းပါမူ ထိုသူ၏ထံမှ(ထိုသူရှာဖွေသောသာသနာသည် အလ္လာဟ်အရှင်မြတ်အထံတော်၌) လက်ခံသဘောတူတော်မူခြင်းကို အလျင်းခံရမည်မဟုတ်ပေ။ ၎င်းပြင်ထိုသူသည် နောင်တမလွန်

ဘဝ၌လည်းဆုံးရှုံးသူများအနက် တစ်ဦးအပါအဝင်ဖြစ်ပေမည်။” ကုရ်အာန် (၃ : ၈၅)

သို့ဖြစ်၍ အလ္လာဟ်အရှင်မြတ်သည် အစ္စလာမ်သာသနာမှလွဲ၍ အခြားမည်သည့်သာသနာကိုမျှ လက်ခံမည်မဟုတ်ပါ။

အလ္လာဟ်အရှင်မြတ်သည် ကျွန်တော်တို့အား ဖန်ဆင်းခဲ့ပြီး ကျွန်တော်တို့အားလုံး ထိုအရှင်မြတ်ထံတော်သို့သာ ပြန်လှည့်ရမည်ဖြစ်သည်။ ဤလောကသည် ကျွန်တော်တို့အတွက် စမ်းသပ်မှုတစ်ခုသာဖြစ်သည်။

သေချာစွာ ယုံကြည်လိုက်ပါ။ ဤဘဝသည် အိပ်မက်တစ်ခုပမာ တိုတောင်းလှသည်။ ကိုယ်ဘယ်အချိန်သေရမလဲဆိုတာ ဘယ်သူမှ မသိနိုင်ပါ။

ကိယာမသ်နေ့တွင် သင့်အားဖန်ဆင်းထားသည့်အရှင်မြတ်က အဘယ့်ကြောင့် အမှန်တရားကို မလိုက်နာခဲ့ပါသနည်း။ အဘယ့်ကြောင့် နောက်ဆုံးနဗီ၏လမ်းစဉ်ကို မလိုက်ခဲ့ပါသနည်းဟု သင့်အားမေးပါက မည်သို့ဖြေကြားမည်နည်း။

ကိယာမသ်နေ့တွင် သင်၏အရှင်ကို မည်သို့ အဖြေပေးမည်နည်း။ ထိုအရှင်မြတ်က အစ္စလာမ်သာသနာကို မယုံကြည်ခြင်း၏ ဆိုးကျိုးများကို သတိပေးထားသည်။ ထို့အတူ ကာဖိရ် မယုံကြည်သူတို့သွားရမည့် နေရာသည် အမြဲထာဝရနေထိုင်ရမည့် ငရဲဘုံဖြစ်ကြောင်း အသိပေးထားသည်။

အလ္လာဟ်အရှင်မြတ် မိန့်တော်မူသည်မှာ-

﴿وَالَّذِينَ كَفَرُوا وَكَذَّبُوا بِآيَاتِنَا أُولَئِكَ أَصْحَابُ النَّارِ هُمْ فِيهَا خَالِدُونَ﴾ [2: 39].

"သို့ရာတွင် ငါအရှင်၏တရားဒေသနာတော်များကို လိမ်လည်ထားသည့် တရားဒေသနာတော်များဖြစ်သည်ဟုစွပ်စွဲ၍ (ငါ့အား) ငြင်းပယ်သူများကား ငရဲသားများ ဖြစ်ကြသည်။ ယင်းသူတို့သည် ထိုငရဲတွင် ထာဝစဉ်ခံစားကြရမည့်သူ သစ္စာကတိကို အတည်ပြုတော်မူအံ့၊ (သို့ဖြစ်ရာ) အသင်တို့သည် ငါအရှင်ကိုသာလျှင် ကြောက်ရွံ့ရိုသေကြကုန်လော့။"

ကုရ်အာန် (၂ : ၃၉)

## အမှန်တရားကို စွန့်လွှတ်၍ ဘိုးဘွားများနောက်သို့ လိုက်သူအတွက် မည်သည့်အကြောင်းပြချက်မျှ ရှိလိမ့်မည် မဟုတ်ပါ။

မြောက်များစွာသောသူတို့သည် မိမိတို့နေထိုင်ကြသည့် ပတ်ဝန်းကျင်ကို ကြောက်သည့်အတွက် အစ္စလာမ်သာသနာအား လက်ခံရန် ငြင်းပယ်ကြသည်ဟု အလ္လာဟ်အရှင်မြတ်က ကျွန်တော်တို့အား အသိပေးမိန့်ကြားထားသည်။

မြောက်များစွာသောသူတို့ အစ္စလာမ်သာသနာတော်ကို လက်မခံရခြင်းမှာ ၎င်းတို့၏ဘိုးဘွားများထံမှ အမွေဆက်ခံခဲ့သော သို့မဟုတ် မိမိတို့၏ ပတ်ဝန်းကျင်နှင့် လူအဖွဲ့အစည်းများမှ ရရှိခဲ့သော ယုံကြည်မှုများအပေါ် ကျင့်သားကျသွားခြင်းကြောင့် မိမိတို့၏ ယုံကြည်ချက်များကို ပြောင်းလဲလိုစိတ် မရှိကြခြင်းဖြစ်သည်။ ၎င်းတို့အနက် မြောက်များစွာသောသူတို့ကို ၎င်းတို့၏ တစ်ယူသန်မှု၊ ၎င်းတို့အမွေဆက်ခံခဲ့သည့် အယူသီးမှုတို့က တားဆီးထားခြင်းဖြစ်သည်။

ၾ၎င်းတို့အားလုံးသည် ထိုသို့လက်မခံခြင်းနှင့် စပ်လျဉ်း၍ မည်သည့် ခိုင်လုံသည့်အကြောင်းပြချက်မျှမရှိသည့်အတွက် အလ္လာဟ်အရှင်မြတ်၏ရှေ့တော်မှောက်၌ မည်သည့် လျှောက်လဲချက်မျှ မတင်ပြနိုင်ဘဲ ရပ်ကြရမည်ဖြစ်သည်။

ဘုရားမဲ့ဝါဒီတစ်ဦးက မိမိသည် ဘုရားမဲ့ဝါဒကို ယုံကြည်သည့် မိသားစု၌ မွေးဖွားလာသည့်အတွက် ထိုဝါဒအတိုင်းသာ ရှိနေမည်ဟူ၍ ဆင်ခြေပေး၍မရပါ။ ယင်းအစား သူသည် အလ္လာဟ်အရှင်မြတ်က မိမိအားချီးမြှင့်ထားသည့် အသိဉာဏ်ကို အသုံးချကာမိုးကောင်းကင်နှင့် မြေပထဝီ၏ ကြီးကျယ်မှုကို စဉ်းစားရန်လိုအပ်သည်။ မိမိ၏ ဖန်ဆင်းရှင်က ချီးမြှင့်ထားသည့် အသိဉာဏ်ဖြင့် ဤစကြဝဠာတွင် ဖန်ဆင်းရှင်ရှိကြောင်း စဉ်းစားတွေးခေါ်ရမည်ဖြစ်သည်။ ထို့အတူ ကျောက်တုံးများ၊ ရုပ်တုများကို ကိုးကွယ်နေသူကလည်း မိမိ၏ ဘိုးဘွားများအတိုင်း နောက်လိုက်ခြင်းဖြစ်သည်ဟူ၍ ဆင်ခြေပေး၍မရပါ။ ယင်းအစား အမှန်တရားကို ရှာဖွေရန် တာဝန်ရှိပြီး မိမိကိုယ်မိမိ ငါသည် အဘယ့်ကြောင့် ငါ့အားမမြင်နိုင်၊ မကြားနိုင်၊ မည်သည့်ကောင်း

ကျိုးမျှမပေးနိုင်သည့် သက်မဲ့ကို ကိုးကွယ်နေပါသနည်းဟု မေးခွန်းထုတ်ရန်လိုအပ်သည်။

ထိုကဲ့သို့ပင် အသိတရား၊ ဆင်ခြင်နိုင်တရားဖြင့် ဆန့်ကျင်နေသည့်ကိစ္စများကို ယုံကြည်ထားသော ခရစ်ယာန်တစ်ဦးသည်လည်း မိမိကိုယ်မိမိ မေးရမည်မှာ ထာဝရဘုရားသည် အခြားသူ များ၏ အပြစ်များကြောင့် မည်သည့်အပြစ်မျှ မကျူး လွန်သည့် မိမိ၏ သားတော်ကို အဘယ်ကြောင့် သတ်ခဲ့ပါသနည်း။ ဤသည် မတရားမှုပင်မဟုတ်ပါလော။ လူသားများက ထာဝရဘုရား၏ သားတော်ကို အဘယ်ကဲ့သို့ ကားစင်တင်ကာ သတ်ဖြတ်နိုင်ပါသနည်း။ ထာဝရ ဘုရားသခင်သည် မိမိ၏သားတော်ကို သတ်ခွင့်မပေးဘဲ လူသားအားလုံး၏ အပြစ်များကို ခွင့်လွှတ်နိုင်သည် မဟုတ်လော။ ထာဝရဘုရားသခင်သည် မိမိ၏သားတော်နှင့်ပတ်သက်၍ ကာကွယ်ပေးနိုင်စွမ်း မရှိလေသလော။

သို့ဖြစ်၍ အသိ ဉာဏ်ရှိသူတစ်ဦးသည် ဘိုးဘွားတို့၏ လမ်းမှားမှုကို မလိုက်ဘဲ အမှန်တရားနောက်သို့လိုက်ရန် အရေးကြီးပေသည်။

အလ္လာဟ်အရှင်မြတ် မိန့်တော်မူသည်မှာ-

﴿وَإِذَا قِيلَ لَهُمۡ تَعَالَوۡاْ إِلَىٰ مَآ أَنزَلَ ٱللَّهُ وَإِلَى ٱلرَّسُولِ قَالُواْ حَسۡبُنَا مَا وَجَدۡنَا عَلَيۡهِ ءَابَآءَنَآۚ أَوَلَوۡ كَانَ ءَابَآؤُهُمۡ لَا يَعۡلَمُونَ شَيۡـٔٗا وَلَا يَهۡتَدُونَ﴾

"၎င်းပြင် ထိုသူတို့အား "အသင်တို့သည် အလ္လာဟ်အရှင်မြတ် ထုတ်ပြန်ချမှတ်တော်မူသော အမိန့်တော်များနှင့် ရစူလ်တမန်တော်ဘက်သို့ လာကြလေကုန်" ဟု ပြောဆိုသော အခါ ထိုသူတို့က ကျွန်ုပ်တို့အဖို့ အကြင်လမ်းစဉ်သည် လုံလောက်ပေသည်။ ထိုလမ်းစဉ်ပေါ်၌ ကျွန်ုပ်တို့သည် မိမိတို့၏အဖ၊ ဘိုး၊ ဘေး၊ ဘီ၊ ဘင်တို့အား တွေ့ရှိခဲ့ကြသည်" ဟု ဖြေကြား၏။ အကယ်၍ ၎င်းတို့၏အဖ၊ ဘိုး၊ ဘေး၊ ဘီ၊ ဘင်တို့သည် မည်သည့်တစ်စုံတစ်ရာကိုမျှ မသိနားမလည်ကြသည့်ပြင် (ကောင်းကင်ကျ) တရားလမ်းစဉ်ကိုပင် မရရှိကြသော်လည်း ( ၎င်းတို့၏ အဖ၊ ဘိုး၊ ဘေးတို့၏ လမ်း စဉ်သည် ၎င်းတို့အဖို့ လုံလောက်ပါသလော။ အလျင်းမလုံလောက်ပေ။)" ကုရ်အာန် (၅ : ၁၀၄)

## အစ္စလာမ်သာသနာကို လက်ခံလိုသူသည် မိမိ၏ဆွေမျိုးသားချင်းများက ဒုက္ခပေးမည်ကို စိုးရိမ်ပါက မည်သို့လုပ်ရမည်နည်း။

လူတစ်ဦးသည် အစ္စလာမ်သာသနာကို လက်ခံလိုသော်လည်း မိမိပတ်ဝန်းကျင်ကို စိုးရိမ်ပါက အစ္စလာမ်သာသနာကို လက်ခံပြီး အလ္လာဟ်အရှင်မြတ်က မိမိအား ပိုမိုကောင်းမွန်သည့်လမ်းကြောင်းပေါ်တွင် အမှီခိုကင်းစွာ ရပ်တည်နိုင်ရန် လွယ်ကူမှုချီးမြှင့်ပြီး အစ္စလာမ်ကို ထုတ်ဖော်နိုင်သည့် အချိန်အထိ မိမိအစ္စလာမ်လက်ခံလိုက်ကြောင်းကို ဖုံးကွယ်ထားနိုင်သည်။

လူတစ်ဦးအနေဖြင့် အစ္စလာမ်သာသနာတော်ကို ချက်ချင်းလက်ခံရန် အရေး ကြီးသော်လည်း အစ္စလာမ်သာသနာကို လက်ခံလိုက်ကြောင်းကို မိမိပတ်ဝန်းကျင်ရှိသူများကို အသိပေးရန်၊ လူသိရှင်ကြားပြုလုပ်ရန် တာဝန်မရှိပါ။ သို့သော် ဤသည် မိမိအတွက် အန္တရာယ်ရှိသည့် အခြေနေမျိုးတွင်သာဖြစ်သည်။

လူတစ်ဦးသည် အစ္စလာမ်သာသနာကို လက်ခံလိုက်ပါက သူသည် သန်းပေါင်းများစွာသော မွတ်စ်လင်မ်များနှင့် ညီနောင်ဖြစ်သွားသည်ကို သိထားရမည်။ ၎င်းအနေဖြင့် မိမိနိုင်ငံရှိ ဗလီဝတ်ကျောင်းတော် သို့မဟုတ် အစ္စလာမ့်စင်တာတို့နှင့် ဆက်သွယ်ကာ ၎င်းတို့ထံမှ အကြံဉာဏ်နှင့် အကူအညီများ တောင်းခံနိုင်ပြီး ၎င်းတို့အနေဖြင့်လည်း ကျေနပ်ပျော်ရွှင်ကြမည်ဖြစ်သည်။

အလ္လာဟ်အရှင်မြတ် မိန့်တော်မူသည်မှာ-

{وَمَنْ يَتَّقِ اللَّهَ يَجْعَلْ لَهُ مَخْرَجًا وَيَرْزُقْهُ مِنْ حَيْثُ لَا يَحْتَسِبُ}

"စင်စစ်သော်ကား မည်သူမဆို အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့သည်ရှိသော် ထိုအရှင်မြတ်သည် ထိုသူတို့အဖို့ ထွက်မြောက်ရာနည်းလမ်းကို ပြုလုပ်၍ ပေးသနားတော်မူပေမည်။ ထို့ပြင်တစ်ပါး ထိုအရှင်မြတ်သည် ထိုသူအား ထိုသူ မထင်သောနေရာမှ စားနပ်ရိက္ခာကို ချီးမြှင့်ပေးသနားတော်မူပေမည်။"

ကုရ်အာန် (၆၅ : ၂၊၃)

## ချစ်လှစွာသော စာဖတ်သူခင်ဗျား။

ကျွန်တော်တို့ကို ဖန်ဆင်းထားသည့်အရှင်၊ ကျွန်တော်တို့ကို မိမိ၏စည်းစိမ်များ ချီးမြှင့်ထားသည့်အရှင်၊ ကျွန်တော်တို့ မိခင်တို့၏ဝမ်းဗိုက်များတွင် သန္ဓေသားဘဝ၌ရှိစဉ်ကပင် ရိက္ခာချီးမြှင့်သည့်အရှင်၊ ယခုကျွန် တော်တို့ အ သက်ရှူရန် လေကိုချီးမြှင့်ထားသည့်အရှင် အလ္လာဟ်အရှင်မြတ်အား ကျေနပ်နှစ်သက်အောင်လုပ်ခြင်းသည် လူသားများအား ကျေနပ်နှစ်သက်အောင်လုပ်ခြင်းထက်ပို၍ အရေးမကြီးပါသလား။

လောကီ၊ လောကု တ္တရာ နှစ်ဌာနလုံး၌ အောင်မြင်မှုရရှိရန် ခဏတာနေထိုင်ရမည့် ဘဝသက် တမ်း၏ စည်းစိမ်အားလုံးကို ပေးဆပ်လိုက်ရန် မထိုက်တန်ပါသလား။ အလ္လာဟ်အရှင်မြတ်ကို တိုင်တည်၍ပြောမည် မုချထိုက်တန်ပါသည်။

ထို့ကြောင့် လူသားသည် မိမိလျှောက်လှမ်းနေသည့် လမ်းများကို ပြုပြင်ရန်နှင့် မှန်ကန်သည့်အရာကို ဆောင်ရွက်ရန် မိမိအတိတ်က မိမိကို တားဆီးထားခြင်းမျိုး မဖြစ်သင့်ပါ

။

သို့ဖြစ်၍ ယနေ့မှစ၍ စစ်မှန်သည့် ယုံကြည်သူဖြစ်လိုက်ပါ။ သို့သော် ရှိင်သွာန်မိစ္ဆာသည် လူသားအား အမှန်တရားပေါ်တွင် လျှောက်လှမ်းရန် ခွင့်ပြုလိမ့်မည်မဟုတ်ပါ။

အလ္လာဟ်အရှင်မြတ် မိန့်တော်မူသည်မှာ-

{يَا أَيُّهَا النَّاسُ قَدْ جَاءَكُمْ بُرْهَانٌ مِنْ رَبِّكُمْ وَأَنزلْنَا إِلَيْكُمْ نُورًا مُبِينًا (174) فَأَمَّا الَّذِينَ آمَنُوا بِاللَّهِ وَاعْتَصَمُوا بِهِ فَسَيُدْخِلُهُمْ فِي رَحْمَةٍ مِنْهُ وَفَضْلٍ وَيَهْدِيهِمْ إِلَيْهِ صِرَاطًا مُسْتَقِيمًا (175) }

"အို- လူခပ်သိမ်းတို့၊ အသင်တို့အား မွေးမြူတော်မူသော အရှင်မြတ်၏ အထံတော်မှ အသင်တို့ထံသို့ ခိုင်လုံသော သက်သေ သာဓကတစ်ရပ် (ဖြစ်သော နဗီတမန်တော်မုဟမ္မဒ် (ဆွလ္လလ္လာဟု အလိုင်းဟိဝစလ္လမ်) သည် ကေန်မလွဲ ရောက်ရှိလာခဲ့ချေပြီ။ ၎င်းပြင် ငါအရှင်မြတ်သည် အသင်တို့ထံသို့ ထင်ရှားလှစွာသော အလင်းရောင်(ဖြစ်သော ကုရ်အာန်ကျမ်းတော်မြတ်) ကိုလည်း ချပေးသနားတော်မူခဲ့ချေပြီ။

သို့ဖြစ်ပေရာ အကြင်သူတို့သည် အလ္လာဟ်အရှင်မြတ်ကို ယုံကြည်၍ ထိုအရှင်မြတ်(၏ ဒီန်သာသနာတော် အစ္စလာမ်) ကို မြဲမြံခိုင်ခဲ့စွာ

ဖက်ကိုင်ထားရှိကြကုန်၏။ သို့ဖြစ်လျှင် ထိုသူတို့အား မကြာမြင့်မီ ထိုအရှင်မြတ်သည် မိမိကရုဏာတော် (တည်းဟူသော 'ဂျူန္နသ်' အမတသုခဘုံ) နှင့် ကျေးဇူးတော်တွင်းသို့ ဝင်ရောက်စေတော်မူအံ့။ ၎င်းပြင် ထိုအရှင်မြတ်သည် ယင်းသူတို့အား မိမိအထံတော်သို့ (ရောက်ရှိနိုင်ရန်) ဖြောင့်မတ်သော (တရား) လမ်းကိုလည်း ညွှန်ပြတော်မူလတ္တံ့။"

ကုရ်အာန် (၄ : ၁၇၄၊၁၇၅)

## သင့်ဘဝအတွက် အကြီးမားဆုံး ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်ဖို့ အသင့်ဖြစ်ပြီလား။

အထက်တွင် ဖော်ပြခဲ့သည့် အကြောင်း အရာအားလုံးသည် သင့်အတွက် ယုတ္တိရှိပြီး သင့်နှလုံးသားထဲက အမှန်တရားကို လက်ခံပါက မွတ်စ်လင်မ်ဖြစ်ရန် ပထမဦးဆုံး ခြေလှမ်းကို စတင်ရမည်ဖြစ် သည်။ သင့်ဘဝရဲ့အကောင်းဆုံး ဆုံးဖြတ်ချက်ကို ချမှတ်နိုင်ရန်နှင့် မွတ်စ်လင်မ်တစ်ဦး မည်သို့ဖြစ်လာနိုင်မည်ကို ကျွန်တော်တို့ လမ်းညွှန်ပေးရန် လိုလားပါသလား။

သင်၏အကုသိုလ်များက သင့်အား အစ္စလာမ်ထဲသို့ဝင်ရောက်ရန်

အတားအဆီးမဖြစ်ပါစေနှင့်။ အလ္လာဟ်အရှင်မြတ်က ကျွန်တော်တို့အား ကုရ်အာန်ကျမ်းမြတ်တွင် မိန့်ကြားထားသည်မှာ လူတစ်ဦးသည် အစ္စလာမ်ကိုလက်ခံပြီး မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံ သောင်ဗဟ်အမှားဝန်ချတောင်းခံမည်ဆိုပါက မုချ ထိုအရှင်မြတ်သည် သူ၏ အကုသိုလ်များအားလုံးကို ခွင့်လွှတ်မည်ဖြစ်သည်။ အစ္စလာမ်ကို လက်ခံပြီးနောက် အကုသိုလ်ကျူးလွန်ပါကလည်း သောင်ဗဟ်အမှားဝန်ချတောင်းခံမှုပြုလျှင် အရှင်မြတ်က ခွင့်လွှတ်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည် လူသားများသာဖြစ်ကြပြီး အပြစ်ကင်းသော ကောင်းကင်တမန်များ မဟုတ်သည့်အတွက် လူတစ်ဦးအနေဖြင့် အချို့သောအကုသိုလ်များကို ကျူးလွန်မည်မှာ သဘာဝပင်ဖြစ်သည်။ သို့သော် ကျွန်ုပ်တို့အတွက် အဓိကလိုအပ်ချက်တစ်ခုမှာ အလ္လာဟ်အရှင်မြတ်ထံတော်တွင် ခွင့်လွှတ်ချမ်းသာမှု တောင်းခံပြီး အရှင်မြတ်ထံသို့ ပြန်လှည့်ရန်ဖြစ်သည်။ သင့်အနေဖြင့် အမှန်တရားကို စောလျင်စွာလက်ခံပြီး အစ္စလာမ်

သာသနာထဲ ဝင်ရောက်ကာ သက်သေခံခြင်းနှစ်ခုကို နှုတ်ဖြင့် ဝန်ခံထွက်ဆိုသည်ကို အလ္လာဟ်အရှင်မြတ် မြင်တွေ့ပါက အခြားအပြစ်အကုသိုလ်များကို စွန့်လွှတ်ရန် အရှင်မြတ်က သင့်အား မုချကူညီတော်မူမည်ဖြစ်သည်။ သို့ဖြစ်၍ အလ္လာဟ်အရှင်မြတ်ကို လက်ခံယုံကြည်သူ၊ အမှန်တရားကို လိုက်နာသူ မည်သူကိုမဆို အလ္လာဟ်အရှင်မြတ်က ကောင်းမှုများ ပို၍ဆောင်ရွက်နိုင်စွမ်း ချီးမြှင့်တော်မူမည်ဖြစ်သည်။ ထို့ကြောင့် ယခုပင် အစ္စလာမ်သာသနာထဲသို့ ဝင်ရောက်ရန် တုံ့ဆိုင်းမနေပါနှင့်။

ဤသည်နှင့်စပ်လျဥ်းသည့် အထောက်ထားများမှာ အလ္လာဟ်အရှင်မြတ် မိန့်တော်မူသည်။

﴿قُل لِّلَّذِينَ كَفَرُوٓاْ إِن يَنتَهُواْ يُغۡفَرۡ لَهُم مَّا قَدۡ سَلَفَ﴾

“(အို-နဗီတမန်တော်) အသင်သည် မယုံမကြည်သွေ ဖည်ငြင်းပယ်သောလူတို့အား (ဤသို့) ပြောကြားပါလေ။ ၎င်းတို့သည် အကယ် ၍သာ (မယုံမကြည် သွေဖည်ငြင်းပယ်ခြင်းမှ) ရပ်စဲကြပါမူ၊ လွန်လေပြီးသော ပြစ်မှုဒုစရိုက်တို့ သည်၎င်းတို့အဖို့ ခွင့်လွှတ်ပြီးဖြစ်ချေမည်။ သို့ရာတွင် အကယ်၍သာ၎င်းတို့သည် ထပ်မံ၍ ပြုလုပ်ကြပါလျှင်၊ ဧ

ကန်မလွဲ ရှေးသူဟောင်းတို့နှင့် ပတ်သက်သော (ငါအရှင် မြတ်၏) စည်းကမ်းဥပဒေသည်လည်း လွန်ခဲ့ပြီးဖြစ်ချေသ တည်း။" ကုရ်အာန် (၈ : ၃၈)

## မွတ်စ်လင်မ်တစ်ဦးဖြစ်လာရန် ကျွန် တော်မည်သို့ ဆောင် ရွက်ရမည်နည်း။

အစ္စလာမ်ဘာသာသို့ ဝင်ရောက်ရန်မှာ အလွန်ပင် လွယ် ကူသည်။ ဘာသာရေးဆိုင်ရာ ပွဲတော်ကျင်းပရန်၊ ဓလေ့ ထုံးတမ်းများဆောင်ရွက်ရန်၊ တစ်စုံတစ်ယောက်ရှိနေရန် မလိုအပ်ပါ။ သက်သေခံခြင်းနှစ်မျိုးကို ယုံကြည်ပြီး အဓိ ပ္ပာယ်ကိုသိနားလည်ကာ နှုတ်ဖြင့် သက်သေခံရန်သာ လို အပ်သည်။ သက်သေခံခြင်းနှစ်မျိုးမှာ - "အရှ်ဟဒု အလ္လာ အိလာဟ အိလ္လလ္လာဟု ဝအရှ်ဟဒု အန်န မုဟမ္မဒန် ရစူးလွ လ္လာဟ်" (အဓိပ္ပါယ်- အလ္လာဟ်အရှင်မြတ်မှအပ အခြားခဝ ပ်ကိုးကွယ်ထိုက်သော အရှင်မရှိကြောင်းနှင့် မုဟမ္မဒ်သည် အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်ဖြစ်ကြောင်းကို ကျွန်တော်မျိုး သက်သေခံပါသည်။) အကယ်၍ လွယ်ကူ ပါက အရဗီဘာသာစကားဖြင့် ဆိုခြင်းပိုကောင်းပြီး အခက်

အခဲရှိပါက မိမိဘာသာစကားဖြင့် ဆိုလိုက်လျှင်လည်း လုံလောက်သည်။ ဤသို့ဝန်ခံထွက်ဆိုပြီးနောက် သင်သည် မွတ်စ်လင်မ်ဖြစ်သွားပြီဖြစ်သည်။ သို့ဖြစ်၍ သင့်အတွက် လောကတွင် ပျော်ရွှင်မှုရစေပြီး နောင်တမလွန်တွင် လွတ်မြောက်အောင်မြင်မှုရရန် အဓိကအကြောင်း ရင်းဖြစ်သော သင်၏သာသနာတော်ကိုသင်ယူရန် သင့်ပေါ်၌တာဝန်ရှိသွားပြီဖြစ်သည်။

အစ္စလမ်ဘာသာအကြောင်း ပိုမိုသိရှိလိုပါက၊ ဝဘ်ဆိုက်သို့ ဝင်ရောက်ကြည့် ရှုရန် အကြံပြုအပ်ပါသည်။

အသင် အစ္စလာမ်သာသနာသို့ မည်သို့ဝင်ရောက်ရမည်ကို သင်ယူနိုင်ပါပြီ။ အောက်ပါ ဝဘ်ဆိုက်သို့ ဝင်ရောက်ပေးပါရန် ပန်ကြားအပ်ပါသည်။

# မာတိကာ


ကျွန်ုပ်ကို မည်သူဖန်ဆင်းခဲ့သနည်း။
အဘယ့်ကြောင့်ဖန်ဆင်းပါသနည်း။ ........................................ 2
ဖန်းဆင်းရှင်ရှိကြောင်း အရာရာတိုင်းက ညွှန်ပြနေသည်။ .................... 2
ကြီးကျယ်မြင့်မြတ်တော်မူသော အလ္လာဟ်အရှင်မြတ်။ ........................ 5
ဖန်ဆင်းရှင်၏ ဂုဏ်တော်များ ........................................ 9
ကိုးကွယ်ခြင်းခံရသောအရှင်၌ ပြီးပြည့်စုံသည့် ဂုဏ်တော်များရှိရန် မုချလိုအပ်သည်။ ........................................ 10
ဖန်ဆင်းရှင်သည် ကျွန်ုပ်တို့အား ဝဟီဗျာဒိတ်တော်ပို့ချခြင်းမရှိဘဲ လွှတ်ထားသည်မှာ ဖြစ်နိုင်ပါသလား။ ........................................ 15
ကုရ်အာန်ကျမ်းမြတ်။ ........................................ 20
ရစူလ်တမန်တော်များ အဘယ့်ကြောင့် များပြားရပါသနည်း။ .......... 21
လူတစ်ဦးသည် ရစူလ်တမန်တော်အားလုံးကို ယုံကြည်မှသာ မုအ်မင်န် သက်ဝင်ယုံကြည်သူ ဖြစ်နိုင်မည်။ ........................................ 25
အစ္စလာမ်ဆိုသည်မှာ အဘယ်နည်း။ ........................................ 28
မွတ်စ်လင်မ်တို့သည် အီစာ(ယေရှု) (عليه السلام)နှင့်ပတ်သက် ၍ မည်သို့ယုံကြည်ကြသနည်း။ ........................................ 32
မွတ်စ်လင်မ်ဖြစ်ရန် ကျွန်တော် ဘာတွေလုပ်ရမည်နည်း။ .................. 45
အစ္စလာမ်သာသနာသည် ပျော်ရွှင်မှုရရှိမည့် လမ်းစဉ်ဖြစ်သည်။ ..... 48

အစ္စလာမ်သာသနာသို့ ဝင်ရောက်ပါက ကျွန်တော် မည်သည့်အကျိုးများ ခံစားရမည်နည်း။ ............ 50

အစ္စလာမ်သာနာတော်ကို လက်မခံလျှင် ကျွန်တော် မည်သည့်အရာများ ဆုံးရှုံးသွားမည်နည်း။ ............ 52

ဆုံးဖြတ်ချက်ချရန် မနှောင့်နှေးပါနှင့်။ ............ 54

အမှန်တရားကို စွန့်လွှတ်၍ ဘိုးဘွားများနောက်သို့ လိုက်သူအတွက် မည်သည့်အကြောင်းပြချက်မျှ ရှိလိမ့်မည် မဟုတ်ပါ။ ............ 59

အစ္စလာမ်သာသနာကို လက်ခံလိုသူသည် မိမိ၏ဆွေမျိုးသားချင်းများက ဒုက္ခပေးမည်ကို စိုးရိမ်ပါက မည်သို့လုပ်ရမည်နည်း။ ............ 63

ချစ်လှစွာသော စာဖတ်သူခင်ဗျား။ ............ 65

သင့်ဘဝအတွက် အကြီးမားဆုံး ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်ဖို့ အသင့်ဖြစ်ပြီလား။ ............ 67

မွတ်စ်လင်မ်တစ်ဦးဖြစ်လာရန် ကျွန် တော်မည်သို့ ဆောင်ရွက်ရမည်နည်း။ ............ 70


my361v1.0 - 06/09/2026